ကြေးမုံ
The Mirror
၁၃၇၃ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၃ ရက်၊ ကြာသပတေးနေ့၊ (15-9-2011) (၆၈၈၃)

**ဒို့တာဝန်အရေးသုံးပါး**

☆ ပြည်ထောင်စု မပြိုကွဲရေး။
☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

# ထိုင်းနိုင်ငံရောက် အလုပ်သမားများ၏ အခွင့်အရေးအတွက် ထိုင်းအစိုးရဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်သွားမည်
# နိုင်ငံခေတ်မီဖွံ့ဖြိုးရေး၊ စီးပွားရေးအောင်မြင်မြင့်မားရေးအတွက် စက်မှုကဏ္ဍဖွံ့ဖြိုးရေး အလေးထားလုပ်ဆောင်ရန်လို
# လာမည့်နှစ်နှစ်အတွင်း ကျောက်ဖြူလေယာဉ်ပြေးလမ်းသည် F-28 ကဲ့သို့ ဂျက်လေယာဉ်များ ဆင်းသက်အသုံးပြုနိုင်မည်

နေပြည်တော် စက်တင်ဘာ ၁၄

**ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်(၃၈၂)ဦးတို့ တက်ရောက်ကြသည်။**

ယနေ့လွှတ်တော်အစည်းအဝေး၌ မေးခွန်း(၇)ခုမေးမြန်းခြင်းနှင့် ဖြေကြားခြင်း၊ အဆို(၁)ခု ဆွေးနွေးခြင်းနှင့် ဥပဒေကြမ်း(၁)ခု အတည်ပြုခြင်းတို့ကို ဆောင်ရွက်ကြသည်။

မေးခွန်းများမေးမြန်းခြင်းကဏ္ဍတွင် လွှတ်တော်ကိုယ်စားလှယ်(၂)ဦးက အလုပ်သမားရေးရာကဏ္ဍနှင့် စပ်လျဉ်း၍ မေးခွန်း(၂)ခုကို မေးမြန်းခဲ့ရာ အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်က ပြန်လည်ဖြေကြားသည်။

လယ်ဝေးမဲဆန္ဒနယ်မှ ဦးဌေးဝင်း၏ **ပြည်ပနိုင်ငံများသို့ ဥပဒေနှင့်အညီ တရားဝင်သွားရောက် အလုပ်လုပ်ကိုင်နေသည့် မိမိနိုင်ငံသားအရေးအတွက် မည်မျှရှိသည်၊ ထိုင်းနိုင်ငံရောက် မြန်မာအလုပ်သမားအရေးအတွက် မည်မျှရှိသည်နှင့် ၎င်းတို့၏ အလုပ်သမားအခွင့်အရေးများ အပြည့်အဝရရှိခံစားနိုင်စေရေး အတွက် မည်သို့စီမံဆောင်ရွက်ထားသည်တို့ကို သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ပနိုင်ငံများသို့ အလုပ်သမားများ စေလွှတ်ရန်အတွက် ၁၉၉၉ ခုနှစ်တွင် ပြည်ပအလုပ်အကိုင်ဆိုင်ရာ ဥပဒေတစ်ရပ်ပြဋ္ဌာန်း၍ အလုပ်သမားများကို ဥပဒေနှင့်အညီ စေလွှတ်လျက်ရှိရာ **၁၉၉၉ ခုနှစ်မှစ၍ ၂၀၁၁ ခုနှစ် ဩဂုတ်အထိ အလုပ်သမားဝန်ကြီးဌာနမှတစ်ဆင့် ပြည်ပနိုင်ငံ(၁၅)နိုင်ငံသို့ အလုပ်သမားစုစုပေါင်း (၆၀၇၂၂၅)ဦး စေလွှတ်ခဲ့ပါကြောင်း၊ ပြည်ပနိုင်ငံများသို့ သွားရောက်လုပ်ကိုင်လျက်ရှိကြသည့် မြန်မာရွှေ့ပြောင်းအလုပ်သမား(၃)သန်းခန့်ရှိနိုင်သည့်အနက် ပြည်ပအလုပ်အကိုင်ဆိုင်ရာ ဥပဒေနှင့်အညီ အလုပ်သမားဝန်ကြီးဌာနမှတစ်ဆင့် မဟုတ်ဘဲ သွားရောက်လုပ်ကိုင်နေသော အလုပ်သမားအရေအတွက်မှာ (၂)သန်းခွဲခန့်ရှိမည်ဟု ခန့်မှန်းတွက်ချက်ထားပါကြောင်း၊** ထိုသို့ ပြည်ပရောက် မြန်မာအလုပ်သမားအရေအတွက်ကို သိရှိနိုင်ရန် သက်ဆိုင်ရာနိုင်ငံရှိ မြန်မာသံရုံးများ၊ Mekong Migration Network, International Organization for Migration (IOM) အဖွဲ့၊ Asian Research Centre for Migration နှင့် အခြား

**စာမျက်နှာ ၅ ကော်လံ ၁ သို့ ☆**



**ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့သို့ တက်ရောက်လာကြသူများအား တွေ့ရစဉ်။** (သတင်းစဉ်)

ယ နေ့ သ တ င် း အ ညွှ န် း

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် အမေရိကန်အစိုးရ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်နှင့် မူဝါဒရေးရာ ညှိနှိုင်းရေးမှူး Mr. Derek Mitchell တို့ နှစ်ဘက်တွေ့ဆုံ ဆွေးနွေးပြောကြားချက်များ

ပြည်သူများ ဒုက္ခရောက်စေသော အမေရိကန်၏မူဝါဒကို ပြန်လည်စဉ်းစားသုံးသပ်စေလို
လွှတ်တော်တွင် ပါတီစွဲ၊ ဒေသစွဲ၊ ဝါဒစွဲ၊ လူမျိုးစွဲ၊ ဘာသာစွဲမရှိဘဲ ညီညီညွတ်ညွတ်ပူးပေါင်းဆောင်ရွက်နေ
မိမိတို့နှင့် ပတ်သက်ပြီး သတင်းမီဒီယာများ၊ အခြားအဖွဲ့အစည်းများမှ ဝေဖန်အကြံပြုချက်များကို ကြိုဆို

သတင်း စာမျက်နှာ-၄

## ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့်နှင့် အမေရိကန်အစိုးရ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်နှင့် မူဝါဒရေးရာ ညှိနှိုင်းရေးမှူး Mr. Derek Mitchell တို့ နှစ်ဘက်တွေ့ဆုံ ဆွေးနွေးပြောကြားချက်များ

လက်ရှိကျင်းပနေသော လွှတ်တော်တွင် ယခင်ဥပဒေဟောင်းများကို ပြင်ဆင်ရန် လုပ်ဆောင်နေ
လွှတ်တော်တွင် လွှတ်တော်အတွင်းရှိ ကိုယ်စားလှယ်များ၏ အသံသာမက လွှတ်တော်သို့ မရောက်လာသော နိုင်ငံရေးပါတီများ၏ အသံ၊ လူထု၏အသံများကိုလည်း အလေးထား

သတင်း စာမျက်နှာ-၂

## လက်ရှိကျင်းပနေသော လွှတ်တော်တွင် ယခင်ဥပဒေဟောင်းများကို ပြင်ဆင်ရန် လုပ်ဆောင်နေ

# လွှတ်တော်တွင် လွှတ်တော်အတွင်းရှိ ကိုယ်စားလှယ်များ၏ အသံသာမက လွှတ်တော်သို့ မရောက်လာသော နိုင်ငံရေးပါတီများ၏ အသံ၊ လူထု၏အသံများကိုလည်း အလေးထား

**ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့် အမေရိကန်အစိုးရ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်နှင့် မူဝါဒရေးရာညှိနှိုင်းရေးမှူး Mr. Derek Mitchell အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။**

(သတင်းစဉ်)



နေပြည်တော် စက်တင်ဘာ ၁၄

**အမေရိကန်အစိုးရ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်နှင့် မူဝါဒရေးရာညှိနှိုင်းရေးမှူး Mr. Derek Mitchell နှင့်အဖွဲ့သည် စက်တင်ဘာ ၉ ရက်မှ ၁၄ ရက်အထိ မြန်မာနိုင်ငံသို့ လာရောက်ခဲ့စဉ်အတွင်း စက်တင်ဘာ ၉ ရက်နံနက်ပိုင်းတွင် ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့်အား နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံခဲ့သည်။**

ပြည်ထောင်စု လွှတ်တော်နာယက ဦးခင်အောင်မြင့်က ယခုအချိန်သည် လွှတ်တော်ကျင်းပနေချိန် ဖြစ်၍ လွှတ်တော်ကိုယ်စားလှယ်များအားလုံးကို စုံညီစွာတွေ့ဆုံနိုင်ကြောင်း၊ ပြည်ထောင်စု လွှတ်တော်တွင် နိုင်ငံရေးပါတီ(၁၅) ပါတီနှင့် တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်များ ပါဝင်ကြောင်းဖြင့် မိတ်ဆက်ဆွေးနွေး ပြောကြားသည်။

Mr. Derek Mitchell က မိမိအနေဖြင့် နှစ်နိုင်ငံဆက်ဆံရေးအတွက် ရည်မှန်းချက်ကို ထိရောက်စွာ အကောင်အထည်ဖော်နိုင်သော တွေ့ဆုံဆွေးနွေးမှုများကို ပြုလုပ်ညှိနှိုင်းသွားရန်ရည်ရွယ်ပါကြောင်း၊ တွေ့ဆုံဆွေးနွေးမှုများမှတစ်ဆင့် မြန်မာ-အမေရိကန်ဆက်ဆံရေးအတွက် အကျိုးရှိပြီး အပြုသဘောဆောင်သောရလဒ်များ ပေါ်ထွက်လာစေရန် ကြိုးပမ်းရမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံတွင် လွန်ခဲ့သောကာလများအတွင်း ဖြစ်ပေါ်တိုးတက်မှုများအတွက် အားရနှစ်သက်မိပြီး အသိအမှတ်ပြုပါကြောင်း၊ အမေရိကန်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ အနာဂတ်ဖြစ်ပေါ်တိုးတက်မှုများအတွက် တတ်အားသရွေ့ ကူညီပံ့ပိုးပေးလိုသည့် ဆန္ဒရှိပါကြောင်း၊ သို့အတွက် မိမိက မြန်မာ-အမေရိကန် နှစ်နိုင်ငံဆက်ဆံရေးအတွက် အချိန်ပြည့် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မိန့်ကြားခဲ့သလို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေးအတွက် အမေရိကန်နိုင်ငံမှ ပံ့ပိုးပေးနိုင်မည့်ဆက်ဆံရေးမျိုး ထူထောင်နိုင်မည်ဟု မျှော်လင့်ပါကြောင်း၊ မြန်မာနိုင်ငံလွှတ်တော်၏ ဥပဒေပြုရေး၊ မူဝါဒရေးရာ သတ်မှတ်ရေးဆွဲ အကောင်အထည်ဖော်ရေးတို့နှင့် ပတ်သက်ပြီး အနာဂတ်ကာလ မျှော်မှန်းချက်များအပေါ် အမျိုးသားလွှတ်တော်မှ မည်သို့ လုပ်ဆောင်မည်ကို သိရှိလိုပါကြောင်း ဆွေးနွေးမေးမြန်းသည်။

ဍင်းနောက် ပြည်ထောင်စုလွှတ်တော်နာယက က Mr. Derek Mitchell ပြောကြားသော မြန်မာနိုင်ငံအပေါ် ကူညီပံ့ပိုးမှုများ ပြုလုပ်ပေးရန်ကိစ္စမှာ လွန်ခဲ့သော အနှစ်(၂၀)ကတည်းက ဖြစ်သင့်သောကိစ္စ ဖြစ်ပါကြောင်းနှင့် ဍင်းကိစ္စရပ်အပေါ် ကြိုဆိုပါကြောင်း၊ သမိုင်းကြောင်းကို သုံးသပ်ကြည့်ပါက မြန်မာ့လူ့အဖွဲ့အစည်းသည် ဒီမိုကရေစီကျင့်စဉ်များနှင့် ကင်းကွာခဲ့သည်ကို လေ့လာတွေ့ရှိနိုင်ပါကြောင်း၊ **ယခုအခါ နိုင်ငံသားများ၏ မူလရပိုင်ခွင့်၊ ဒီမိုကရေစီအခွင့်အရေး၊ လူ့အခွင့်အရေးများကို အာမခံနိုင်သော ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် အတည်ပြုပေါ်ထွန်းခဲ့ပြီဖြစ်ပါကြောင်း၊ ဒီမိုကရေစီစနစ်တွင် အများစု၏ ဆန္ဒကို အနည်းစုက လိုက်နာရကြောင်း၊ အနည်းစု၏ဆန္ဒကို အများစုက အလေးထားရပြီး လူ့အဖွဲ့အစည်း ဖွံ့ဖြိုးအောင် လုပ်ဆောင်လျက် ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်ရပါကြောင်း၊ ဒီမိုကရေစီယဉ်ကျေးမှုကြောင့် လူ့အဖွဲ့အစည်းကို စည်းလုံးညီညွတ်စေပြီး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရပါကြောင်း၊ ဒီမိုကရေစီစနစ်သည် လူတစ်ဦးချင်း၏ ဂုဏ်သိက္ခာကို အလေးထားသကဲ့သို့ နိုင်ငံခြားရေးမူဝါဒတွင်လည်း နိုင်ငံ၏ဂုဏ်သိက္ခာကို အလေးထားပါကြောင်း၊ မိမိတို့လွှတ်တော်၏ အဓိကတာဝန်မှာ ဥပဒေပြုရေးပင်ဖြစ်ပါကြောင်း၊ လက်ရှိဥပဒေ၊ နောင်တွင် ပြဋ္ဌာန်းမည့်ဥပဒေများကို ဒီမိုကရေစီရှုထောင့်မှ သုံးသပ်ကြည့်ရှုစိစစ်ရပါကြောင်း၊** လက်ရှိကျင်းပနေသော **လွှတ်တော်တွင် ယခင် ဥပဒေဟောင်းများကို ပြင်ဆင်ရန် လုပ်ဆောင်နေပြီဖြစ်ပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များ၏ အဓိကတာဝန်မှာ နိုင်ငံသားများ၏ အခြေခံရပိုင်ခွင့်ကို ကာကွယ်ပေးရေးပင်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံတွင် ဒီမိုကရေစီကျင့်စဉ် ပြန့်ပွားစေနိုင်ရန်အတွက် (၁၅-၉-၂၀၁၁)ရက်နေ့တွင် အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့ အခမ်းအနားကျင်းပရန် စီစဉ်ထားပါကြောင်း၊ နိုင်ငံတစ်နိုင်ငံတွင် ဒီမိုကရေစီ၊ လူ့အခွင့်အရေး၊ တရားဥပဒေများကို ပြန်လည်ထိန်းညှိကျင့်သုံးရန် ကုလသမဂ္ဂမှ ထောင်စုနှစ်ဖွံ့ဖြိုးရေးရည်မှန်းချက်တွင် ပြဋ္ဌာန်းထားပြီးဖြစ်ပါကြောင်း၊ လွှတ်တော်တွင် လွှတ်တော်အတွင်းရှိ ကိုယ်စားလှယ်များ၏ အသံသာမက လွှတ်တော်သို့ မရောက်လာသော နိုင်ငံရေးပါတီများ၏ အသံ၊ လူထု၏အသံများကိုလည်း အလေးထားပါကြောင်း၊ ထို့ကြောင့် ပြည်သူ့အသံသည် လွှတ်တော်အသံဖြစ်ပြီး ပြည်သူတို့၏ မျှော်လင့်ချက်ကို လွှတ်တော်က ဖော်ဆောင်မည်ဖြစ်ပါကြောင်း၊ ဥပဒေကြမ်းများကို ပြည်ထောင်စုလွှတ်တော်ကသာ တင်သွင်းခွင့်ရှိကြောင်း၊ ဘတ်ဂျက်ဥပဒေကြမ်း၊ အမျိုးသားစီမံကိန်း ဥပဒေကြမ်း၊ အခွန်အကောက်ဆိုင်ရာ ဥပဒေကြမ်းဟူ၍ ဥပဒေကြမ်း (၃)မျိုးရှိကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေအရ အုပ်ချုပ်ရေးအာဏာ၊ ဥပဒေပြုရေးအာဏာ၊ တရားစီရင်ရေးအာဏာများကို တတ်နိုင်သမျှ ခွဲဝေကျင့်သုံးလျက်ရှိပါကြောင်း၊ လွှတ်တော်သည် ဥပဒေပြုရေးတာဝန်သာမက တရားစီရင်ရေးနှင့် အုပ်ချုပ်ရေးလုပ်ငန်းများကိုပါ ထိန်းညှိပေးပါကြောင်း၊ နိုင်ငံတော်ဘတ်ဂျက်ကို လွှတ်တော်သို့ အစိုးရမှ တင်ပြလာပါက စာရင်းစစ်များ၊ ကျွမ်းကျင်သူများဖြင့် စိစစ်ပြီးမှ အတည်ပြုပေးပါကြောင်း၊ ဘတ်ဂျက်အတည်ပြုပေးပြီးနောက် အကျိုးရှိစွာ သုံးစွဲမှုရှိ/မရှိ ကွင်းဆင်းစစ်ဆေးပါကြောင်း။**

ဆက်လက်၍ လွှတ်တော်တွင် ဖွဲ့စည်း**ထားသော ကော်မတီများနှင့်စပ်လျဉ်း၍ ရှင်းပြလိုကြောင်း၊ တိုင်းရင်းသားလူမျိုးများအရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးကော်မတီသည် အစိုးရကို လိုအပ်သလို အကြံဉာဏ်ပေးနိုင်ပါကြောင်း၊ နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ကော်မတီသည် ရွေးကောက်ပွဲနှင့် စပ်လျဉ်း၍ ထင်သာမြင်သာရှိမှု၊ ဒီမိုကရေစီအရေး၊ လူ့အခွင့်အရေးများကို စောင့်ရှောက်ပါကြောင်း၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီသည် လွှတ်တော်ကိုယ်စားလှယ်များ၏ မေးမြန်းချက်များကို အစိုးရက လုပ်ဆောင်ပေးခြင်းရှိ/မရှိ စိစစ်ဆောင်ရွက်ပေးပါကြောင်း၊ အမျိုးသားစီမံကိန်း၊ စီးပွားရေး၊ ငွေရေးကြေးရေးနှင့် အခွန်အကောက်ဆိုင်ရာကော်မတီသည် အစိုးရက လုပ်ဆောင်နေသော စီမံကိန်းများ၊ အခွန်အကောက်များသည် လူထုအတွက် အကျိုးရှိ/မရှိ စိစစ်ဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ ပညာရေး၊ ကျန်းမာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီသည် ယင်းလုပ်ငန်းများနှင့် စပ်လျဉ်း၍ ဘတ်ဂျက်အဆိုပြုချက်မှစပြီး အကောင်အထည်ဖော်မှုများအထိ စိစစ်ပါကြောင်း၊ ပြည်သူတို့၏ တိုင်ကြားစာနှင့် အသနားခံစာဆိုင်ရာကော်မတီသည် ပြည်သူများ၏ တိုင်ကြားအသနားခံစာများကို တာဝန်ယူဆောင်ရွက်ပြီး ပြည်သူနှင့် အစိုးရအကြား ဖြစ်ပွားသောကိစ္စများကို ဖြေရှင်းဆောင်ရွက်ပေးပါကြောင်း၊ တောင်သူလယ်သမားနှင့် ပြည်တွင်းပြည်ပ အလုပ်သမားများဆိုင်ရာကော်မတီသည် လယ်သမား၊ အလုပ်သမားများ၏ အခွင့်အရေးများ၊ ကိစ္စရပ်များကို ဖြေရှင်းပေးပါကြောင်း** ရှင်းလင်းဆွေးနွေးသည်။

ဍင်းနောက် Mr. Derek Mitchell က ယခုကဲ့သို့ မြန်မာလွှတ်တော်နှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပေးသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ မြန်မာလွှတ်တော်သည် ဒီမိုကရေစီစနစ်ကို မှန်ကန်စွာဖော်ဆောင်နေသည်ကို သိရှိရ၍ ဝမ်းမြောက်ပါကြောင်းဖြင့် ဆွေးနွေးပြောကြားခဲ့သည်။ (သတင်းစဉ်)

## ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့်အား အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့ လာရောက်တွေ့ဆုံ



**ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့်နှင့်အဖွဲ့ အင်ဒိုနီးရှားသမ္မတနိုင်ငံ House of Regional Representatives (HRR-RI) မှ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ Mr. Adhariani နှင့် အဖွဲ့တို့ နေပြည်တော်ရှိ အမျိုးသားလွှတ်တော် ဧည့်ခန်းမဆောင်၌ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။**

(သတင်းစဉ်)

**နေပြည်တော် စက်တင်ဘာ ၁၄**

ပြည်ထောင်စုလွှတ်တော် နာယက ဦးခင်အောင်မြင့်အား အင်ဒိုနီးရှားသမ္မတနိုင်ငံ House of Regional Representatives (HRR-RI) မှ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကော်မတီဒုတိယဥက္ကဋ္ဌ Mr. Adhariani နှင့်အဖွဲ့သည် ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် ဧည့်ခန်းမဆောင်၌ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုလွှတ်တော်နာယကနှင့်အတူ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ဦးမြညိမ်းနှင့် အမျိုးသားလွှတ်တော်ဆိုင်ရာ ကော်မတီများမှ ဥက္ကဋ္ဌများ တက်ရောက်ကြပြီး အင်ဒိုနီးရှားသမ္မတနိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့နှင့်အတူ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ အင်ဒိုနီးရှားသမ္မတနိုင်ငံ သံအမတ်ကြီး Mr. Sebastianus Sumarsono တက်ရောက်သည်။

(သတင်းစဉ်)

ကြေးမုံ The Mirror

**၁၅-၉-၂၀၁၁ (ကြာသပတေးနေ့)**

## မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေ

(၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီး မကြာမီကျင်းပတော့မည်။ ထူးခြားလေးနက် ခံ့ညားထည်ဝါစွာ ကျင်းပနိုင်ရေး အဘက်ဘက်က ကြိုတင်စီစဉ်ဆောင်ရွက်လျက်ရှိသည်။ ပြိုင်ပွဲဝင် အနုပညာရှင်များအား ထိုက်ထိုက်တန်တန် ဆုများချီးမြှင့်နိုင်ရေးအတွက် နိုင်ငံတော်၏ ဦးဆောင်ပံ့ပိုးမှုနှင့်အတူ အလှူရှင်များ၏ စေတနာဒါနအား ပါဝင်ပေါင်းစပ်နိုင်ရေး ကြိုးပမ်းလျက်ရှိသည်။

ယနေ့ကာလတွင် ကမ္ဘာတစ်ခွင် ဆက်စပ်ယှက်နွယ်မှုနှင့်အတူ ပြင်ပနိုင်ငံများ၏ ယဉ်ကျေးမှုဓလေ့စရိုက်များ အရှိန်အဟုန်ဖြင့် ရိုက်ခတ်လာနေသည်။ စီးပွားရေးဆက်သွယ်မှုလုပ်ငန်းများ တိုးတက်လာလျက်ရှိရာ တစ်နိုင်ငံနှင့် တစ်နိုင်ငံ၊ လူမျိုးတစ်မျိုးနှင့်တစ်မျိုး ကူးလူးဆက်သွယ်သွားလာမှုများလည်း မြန်ဆန်များပြားလျက်ရှိသည်။ ကမ္ဘာ့ရွာကြီးထဲတွင် နိုင်ငံတစ်နိုင်ငံ၏ ယဉ်ကျေးမှုဓလေ့ထုံးစံများကို လွှမ်းမိုးနိုင်သည့် စွမ်းပကား၊ ချေဖျက်နိုင်သည့် အနေအထားများ လွယ်လွယ်ကူကူ ဖြစ်ပေါ်နေသည်။

ယင်းသို့သော အချိန်အခါတွင် ယဉ်ကျေးသောနိုင်ငံ၊ သိမ်မွေ့သော လူမျိုးများပီပီ မိမိနိုင်ငံ၏ ယဉ်ကျေးမှုကို မြတ်နိုးကြရပါမည်။ တန်ဖိုးထားတတ်ရန် လိုအပ်ပါသည်။ မိမိတို့လူမျိုး၏ အမျိုးသားရေးဂုဏ်ဒြပ် မြင့်မားနေစေရေး ထိန်းသိမ်းမြှင့်တင်ကြရပါမည်။ မိမိတို့ရိုးရာယဉ်ကျေးမှုကို ထိန်းသိမ်းစောင့်ရှောက်နိုင်ခြင်း အားနည်းလာပါက နိုင်ငံနှင့်လူမျိုးပါ ပျောက်ကွယ်သွားနိုင်သည်ကို သတိပြုကြရမည်ဖြစ်သည်။

အမျိုးသားယဉ်ကျေးမှုကို တန်ဖိုးထားထိန်းသိမ်းစောင့်ရှောက်ခြင်းသည် နိုင်ငံသားအားလုံးနှင့် သက်ဆိုင်သည်။ နိုင်ငံသားတိုင်း၏ တာဝန်ဖြစ်သည်။ မြန်မာ့ယဉ်ကျေးမှု အဆောက်အအုံကြီးသည် ရှေးနှစ်ပေါင်းများစွာမှသည် ယနေ့ကာလအထိ တည်တံ့ခိုင်ခံ့ထည်ဝါနေဆဲဖြစ်သည်။ ပြိုင်ပွဲကြီးတွင် အနုပညာရှင်များက ခေတ်အဆက်ဆက် ထိန်းသိမ်းဆင့်ပွား ပျိုးထောင်လာခဲ့သည့် သုခုမအနုပညာရပ်များကို အရိုးပေါ်အရွက်မဖုံးစေဘဲ ဆန်းသစ်တီထွင်ဖော်ထုတ်ယှဉ်ပြိုင်ရင်း မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေများ လက်ဆင့်ကမ်းပေးဝေသွားကြရန် တိုက်တွန်းလိုက်ရပေသည်။ ။

# ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်ကဖော်ဆောင်ရွက်

**"ပြည်သူ့အသံ လွှတ်တော်အသံ၊ ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ၊ ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်"** ဟူသည့် ကြွေးကြော်သံနှင့်အညီ ပြည်သူ့အကျိုးကို သယ်ပိုးဆောင်ရွက်ကြမည့် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသား လွှတ်တော်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော် အသီးသီးများမှာ လွန်ခဲ့သည့် (၇)လ ကျော်၊ ၂၀၁၁ ခုနှစ် ဇန်နဝါရီလ ၃၁ ရက်နေ့ကပင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ခံ့ညား ထည်ဝါစွာ ဖြစ်ထွန်းပေါ်ပေါက်ခဲ့ပြီး ဖြစ်ပါသည်။

၎င်းလွှတ်တော်များသည် မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၂၇ ဒသမ ၂ သန်းကျော်အနက်မှ ၂၆ ဒသမ ၇ သန်းကျော်က လာရောက်မဲပေးကြပြီး မဲပေးကြသူများ၏ ၉၂ ဒသမ ၄၈ ရာခိုင်နှုန်းဖြစ်သည့် မဲဆန္ဒရှင် ၂၄ ဒသမ ၇ သန်း ကျော်က ထောက်ခံဆန္ဒမဲပေးခဲ့ကြသည့် ပြည်လုံး ကျွတ် ဆန္ဒခံယူပွဲကြီးက အတည်ပြုပြဋ္ဌာန်းခဲ့သော **"ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံ ဥပဒေ"** အရ ပေါ်ပေါက်လာသည့် လွှတ်တော်များ ဖြစ်ကြပါသည်။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် နိုင်ငံတော်က အစဉ်တစိုက် ဦးတည်ဆောင်ရွက်ရမည့် နိုင်ငံတော်အခြေခံမူများကို ပြဋ္ဌာန်းထားရာ စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ် ထွန်းကားကျင့်သုံးရေးကို အတိအလင်း ဖော်ပြထားပါသည်။ ယင်းသို့ စစ်မှန်၍ စည်းကမ်း ပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ကျင့်သုံးနိုင်ရန် အတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကြီးကို ဥပဒေများနှင့်အညီ အေးချမ်းသာယာ အောင်မြင်စွာ ကျင်းပနိုင်ခဲ့ခြင်း၊ ပြည်သူ့ဆန္ဒနှင့်အညီ ပြည်သူ့ကိုယ်စားလှယ်များ ရွေးချယ်နိုင်ခဲ့ခြင်းမှာ နိုင်ငံ နှင့် လူမျိုးအတွက် ဂုဏ်ယူဖွယ်ရာ ဖြစ်စဉ်ဖြစ်ရပ် တစ်ခုဖြစ်ပါသည်။ မိတ်ဆွေနိုင်ငံအသီးသီးကလည်း ချီးကျူးဂုဏ်ပြုကြိုဆိုကြပါသည်။**

စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီ ကျင့်သုံးနိုင်ရေးခြေလှမ်းမှာ အစကောင်းခဲ့ပြီဖြစ်ပါသည်။

နိုင်ငံရေးပါတီပေါင်း (၃၇)ပါတီမှ ကိုယ်စားလှယ် လောင်းများနှင့် တစ်သီးပုဂ္ဂလကိုယ်စားလှယ်လောင်းများ စုစုပေါင်း ၃၀၅၉ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြသော ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများတွင် ပြည်သူ့ ကိုယ်စားလှယ်များကို ဒီမိုကရေစီအခွင့်အရေး စနစ် တကျ အသုံးပြု၍ မဲဆန္ဒရှင်များက ရွေးချယ်ခဲ့ကြပြီး ၎င်းပြည်သူ့ကိုယ်စားလှယ်များဖြင့် လွှတ်တော်များ ဖွဲ့စည်းကျင်းပနိုင်ခဲ့ပြီ ဖြစ်ပါသည်။

ကျွန်တော်တို့ နိုင်ငံတွင် လွှတ်တော်အတွေ့အကြုံ နှင့် ကင်းကွာခဲ့သည့် ကာလမှာ နှစ်ပေါင်းများစွာ ကြာမြင့်ခဲ့ပြီဖြစ်ပါသည်။ နိုင်ငံလွတ်လပ်ရေးရလုဆဲ ကာလက စတင်ခဲ့ပြီး ၁၉၆၂ ခုနှစ် မတ်လမှာ ချုပ်ငြိမ်း သွားရသည့် ပါလီမန်ဒီမိုကရေစီစနစ် ကျင့်သုံးသည့် လွှတ်တော်၊ ၁၉၇၄ ခုနှစ် မတ်လမှာ စတင်ခဲ့ပြီး ၁၉၈၈ ခုနှစ် စက်တင်ဘာလမှာ ရပ်စဲသွားခဲ့သည့် တစ်ပါတီ စနစ် ကျင့်သုံးသော လွှတ်တော်နှစ်ရပ် ပေါ်ပေါက် ခဲ့ဖူးပါသည်။ နှစ်ကာလကြာမြင့်ခဲ့ပြီဖြစ်သည့်အပြင် ရွေးကောက်တင်မြှောက်ခြင်းမှအစ ကျင့်သုံးပုံစနစ်များ မတူသော လွှတ်တော်များဖြစ်ကြကြောင်း အားလုံး အသိပင် ဖြစ်ပါသည်။

၂၀၁၁ ခုနှစ် ဇန်နဝါရီလ ၃၁ ရက်နေ့က စတင် ကျင်းပခဲ့သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသား လွှတ်တော်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်ဟူသည့် လွှတ်တော်များသည် တစ်မူထူးခြား သည့် ဝိသေသလက္ခဏာများနှင့် ပြည့်စုံသည့် လွှတ်တော် များ ဖြစ်ကြပါသည်။ လွှတ်တော်အစည်းအဝေးများ ဆက်လက်ကျင်းပ၍ လွှတ်တော်လုပ်ငန်းတာဝန်များကို ဆက်လက်ဆောင်ရွက်ရာတွင်လည်း စည်းကမ်းတကျရှိမှု၊ သက်ဝင်လှုပ်ရှားမှု၊ နှစ်လိုလက်ခံ ကြိုဆိုအပ်သော ပတ်ဝန်းကျင်တွင် ရင်းနှီးပွင့်လင်းစွာ ထိတွေ့မှု၊ ဆွေးနွေးဆောင်ရွက်မှုများကို ဝမ်းမြောက်ဖွယ်ရာ ထိတွေ့ ရပါသည်။

## မောင်သံငြိမ်း

လွှတ်တော်ပထမနေ့က လွှတ်တော်ကိုယ်စားလှယ် အားလုံးမှာ ရွှင်လန်းတက်ကြွသည့် သွင်ပြင်လက္ခဏာ များဖြင့် မိတ်ဟောင်းဆွေဟောင်းများ အချင်းချင်း တွေ့ဆုံနှုတ်ဆက်ကြ၊ ပြည်ထောင်စုဖွား တိုင်းရင်းသား ပြည်သူ့ကိုယ်စားလှယ်များကလည်း အရောင်အသွေး စုံလင်လှသည့် တိုင်းရင်းသားရိုးရာ ဝတ်စုံများဖြင့်၊ တစ်ဦးစနှစ်ဦးစကလည်း တောင်ရှည်ပုဆိုး၊ ရင်ဖုံးတိုက်ပုံ၊ ခေါင်းပေါင်းဖြင့် ပဏာရစွာ မြင်တွေ့ရနှင့် စိတ်ကြည်နူး ပျော်ရွှင်ဖွယ်ရာမြင်ကွင်းကို ကိုယ်စားလှယ်အားလုံးက သတိရနေကြမည်သာ ဖြစ်ပါသည်။ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များကိုလည်း တူညီဝတ်စုံဖြင့် ရွှင်လန်းတက်ကြွစွာဖြင့် တွေ့ဆုံခဲ့ရပါသည်။

လွှတ်တော်ပထမနေ့က မိမိတို့ ထမ်းဆောင်ရမည့် တာဝန်များကို ဖြောင့်မတ်မှန်ကန်စွာဖြင့် ကိုယ်စွမ်း ရှိသရွေ့၊ ဉာဏ်စွမ်းရှိသရွေ့ အစွမ်းကုန်ထမ်းဆောင်ပါ မည်ဟု လေးနက်တည်ကြည်စွာ ကြေညာ၍ ကတိသစ္စာ ပြုထားသူ ပြည်သူ့ကိုယ်စားလှယ်များ ပီသစွာ စတင် လှုပ်ရှားနေကြကြောင်း တွေ့ရှိရပါသည်။

လွှတ်တော်အစပိုင်းတုန်းက အချို့သော ပြည်သူ့ ကိုယ်စားလှယ်များမှာ ပါတီအစွဲဖြင့် တစ်ဦးနှင့်တစ်ဦး ဟက်ဟက်ပက်ပက် ရင်းရင်းနှီးနှီး မရှိကြ၊ အကဲခတ် သုံးသပ်ကြနှင့် စိမ်းနေကြသော်လည်း ရက်အနည်းငယ် အတွင်း တစ်ဦးမေတ္တာတစ်ဦးကို ရောင်ပြန်ဟပ်၍လားမသိ ရင်းနှီးကျွမ်းဝင်သည့် အနေအထားသို့ ရုတ်ခြည်း ပြောင်းလဲလာကြကြောင်း သတိပြုမိပါသည်။

**တစ်ခုသေချာသည်က ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြီး၏ မိန့်ကြားချက်ဖြစ်သော ပြည်သူ့ကိုယ်စားလှယ် များ ထားရှိရမည့် သဘောထားများမှာ ပါတီစွဲ၊ ဝါဒစွဲ၊ ဒေသစွဲ၊ လူမျိုးစွဲ၊ ဘာသာစွဲများထားရှိခြင်းမရှိဘဲ ပြည်သူ့အတွက်၊ နိုင်ငံအတွက်၊ ပြည်ထောင်စုအတွက်၊ ပြည်သူ့အကျိုးစီးပွား၊ နိုင်ငံ့အကျိုးစီးပွား၊ ပြည်ထောင်စု အကျိုးစီးပွားများအတွက် တစ်စိတ်တစ်ဝမ်းတည်း သန္နိဋ္ဌာန်ချမှတ် ဆောင်ရွက်ကြရေးဟူသည့် အချက်ကို ပြည်သူ့ကိုယ်စားလှယ်အားလုံးက အလေးထားလိုက်နာ ကြကြောင်း အထင်အရှား တွေ့ရှိရခြင်းပင်ဖြစ်သည်။**

ပထမအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန် အစည်းအဝေးက မေးခွန်းပေါင်း (၁၀၆) ခုနှင့် အဆို ပေါင်း (၄၃)ခုကို တင်သွင်းမေးမြန်းခဲ့သကဲ့သို့ ယခု ကျင်းပဆဲ ဒုတိယ ပုံမှန်အစည်းအဝေးတွင်လည်း ပြည်သူ များ၏အသံ၊ ပြည်သူများ၏ဆန္ဒကို ဖော်ညွှန်းသော မေးခွန်း များ၊ အဆိုများကို တင်သွင်းမေးမြန်းနေကြဆဲ ဖြစ်ပါသည်။ အလားတူ အမျိုးသားလွှတ်တော်တွင်လည်း အဆိုများ၊ မေးခွန်းများကို တင်သွင်းမေးမြန်းကြဆဲ ဖြစ်ပါသည်။

ကျင်းပဆဲ လွှတ်တော်အစည်းအဝေးများတွင် လွှတ်တော်များ၏ အဓိကအရေးကြီးတာဝန်ဖြစ်သော ဥပဒေပြုရေးတာဝန်ကို စတင်ဆောင်ရွက်နိုင်မည် ဖြစ်ပါ သည်။ ဥပဒေပြုရေးတာဝန်မှာ တည်ဆဲဥပဒေများ ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်း၊ ဥပဒေသစ်များ ပြဋ္ဌာန်းခြင်း များ ပါဝင်မည်ဖြစ်ပါသည်။ နိုင်ငံတော်အကျိုးစီးပွား၊ ပြည်သူ့အကျိုးစီးပွား ကာကွယ်စောင့်ရှောက်နိုင်မှု၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှု၊ လက်တွေ့ ဆောင်ရွက်နိုင်မှု၊ အပြည်ပြည်ဆိုင်ရာဥပဒေများနှင့် ဆက်စပ်မှုများကို သုံးသပ်ပြီးမှ ဥပဒေပြုကြရန် ဖြစ်သည်။ ဥပဒေကြမ်းများကို အစိုးရအဖွဲ့အစည်းများက တင်သွင်း နိုင်သကဲ့သို့ ပြည်သူ့ကိုယ်စားလှယ်များကလည်း တင်သွင်း ခွင့် ရှိပါသည်။

နိုင်ငံတကာလွှတ်တော်များ၏ အတွေ့အကြုံများကို လေ့လာကြည့်ရာတွင် ဥပဒေကြမ်းတစ်ခုကို ရက်အနည်း ငယ်အတွင်း ပြုစုဆွေးနွေးအတည်ပြုနိုင်သကဲ့သို့ နှစ်နှင့် ချီ၍ အချိန်ယူပြုစုရသော ဥပဒေများလည်းရှိကြောင်း လေ့လာတွေ့ရှိရပါသည်။ နိုင်ငံနှင့် ပြည်သူ့အကျိုးစီးပွား ကို ကာကွယ်စောင့်ရှောက်နိုင်မည့် ဥပဒေများကို လွှတ်တော်များက ကျေကျေလည်လည် စဉ်းစားဆွေးနွေး ၍ ပြဋ္ဌာန်းနိုင်ရေး ဆောင်ရွက်ရသည့်တာဝန်မှာ ကြီးလေး သည့် တာဝန်ဖြစ်ပါသည်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံတော် အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်သည့် ဥပဒေ ပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေး အာဏာတို့ကို တတ်နိုင်သမျှ ပိုင်းခြားသုံးစွဲခြင်းနှင့် အချင်းချင်း အပြန်အလှန်ထိန်းကျောင်းခြင်းတို့ ပြုသည် ဟု ဖော်ပြထားရာ အချင်းချင်း အပြန်အလှန်ထိန်းကျောင်း ရေးနှင့် ပတ်သက်ပြီး ဆောင်ရွက်ရာတွင် သိမ်မွေ့မှုနှင့် ထိရောက်အဆင်ပြေမှုရှိရန် လိုအပ်ပါသည်။ **ဥပဒေပြုရ မည့် တာဝန်ရှိသော လွှတ်တော်၊ လွှတ်တော်ကော်မတီ များနှင့် လွှတ်တော်ကိုယ်စားလှယ်များသည် မိမိတို့၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ အခွင့်အရေး၊ ရပိုင်ခွင့်များကို မှန်ကန် ထိရောက်စွာ အသုံးပြုရန် လိုအပ်ပါသည်။ လွှတ်တော် များတွင် လွှတ်တော်ကိုယ်စားလှယ်များ၊ အထူးသဖြင့် လွှတ်တော်ကော်မတီဝင်များ၏ စွမ်းဆောင်ရည် မြင့်မား ရေးမှာ အထူးအရေးကြီးပါသည်။ လွှတ်တော်ကို အရည် အချင်းရှိပြီး ခိုင်မာတောင့်တင်း၊ ခိုင်မြဲရန် လွှတ်တော် ကိုယ်စားလှယ်များအပါအဝင် လွှတ်တော်ကော်မတီ များက ဝါယမစိုက်ထုတ်ကြိုးပမ်းဆောင်ရွက်ကြရပါမည်။**

သို့ဖြစ်၍ ပထမပုံမှန်အစည်းအဝေးက ဖွဲ့စည်း တာဝန်ပေးအပ်ခဲ့သော လွှတ်တော်ကော်မတီ (၄) ရပ် အပြင် ဒုတိယပုံမှန်အစည်းအဝေးတွင် လွှတ်တော် ကော်မတီများကို တိုးချဲ့ဖွဲ့စည်းပေးခဲ့ပါသည်။ ပြည်သူ့ လွှတ်တော်တွင် ကော်မတီ (၁၈) ခု ထပ်မံဖွဲ့စည်းခဲ့ရာ ဖွဲ့စည်းပုံ အခြေခံဥပဒေ၏ ပြည်ထောင်စုဥပဒေပြု စာရင်းပါ ဘာသာရပ်များအပြင် နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေး၊ လူ့အခွင့်အရေး၊ တိုင်းရင်းသားရေးရာ၊ ပြည်တွင်း ငြိမ်းချမ်းရေး ဖော်ဆောင်မှု၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် စသည့် အရေးကြီးသည့် ကဏ္ဍများဆိုင်ရာ ပြည်သူ့ လွှတ်တော်ကော်မတီများကို တိုးချဲ့ဖွဲ့စည်းခဲ့ပါသည်။

နိုင်ငံတကာလွှတ်တော်များနှင့် နှိုင်းယှဉ်ချိန်ထိုး ကြည့်ရာ ဗြိတိန်၊ အမေရိကန်နိုင်ငံများတွင် ကော်မတီ (၂၀) ကျော်၊ ရုရှား၊ အိန္ဒိယနိုင်ငံများတွင် (၃၀)ကျော် စသည်ဖြင့် ဖွဲ့စည်းထားကြောင်း လေ့လာတွေ့ရှိရပါ သည်။ ပြင်သစ်နိုင်ငံတွင် အောက်လွှတ်တော်ကိုယ်စား လှယ် (၅၇၀)ကျော်ရှိပြီး လွှတ်တော်ကော်မတီ(၈)ခု ဖွဲ့စည်းထားရာ လွှတ်တော်ကိုယ်စားလှယ်စုစုပေါင်းကို (၈)ပုံခွဲ၍ ကော်မတီတစ်ခုစီတွင် တာဝန်ပေးအပ်ထား ကြောင်း၊ ဘာသာရပ်ဆိုင်ရာ ဝန်ထမ်းအဖွဲ့အစည်း များ၏ လုပ်ငန်းဆောင်ရွက်မှုအား စောင့်ကြည့်ထိန်းညှိ ကူညီရန်ဖြစ်ကြောင်း သိရှိရပါသည်။ မြန်မာနိုင်ငံ ဆိုရှယ်လစ်ခေတ် လွှတ်တော်တွင်ပင် ရေးရာကော်မတီ (၁၄)ခု ရှိခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။

**လွှတ်တော်အကြီးအကဲ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌတို့ ၏ လမ်းညွှန်ကြပ်မတ်မှုဖြင့် လွှတ်တော်ကော်မတီများ က သွက်လက်ထက်မြက်စွာ လှုပ်ရှားကြရန် အရေးကြီး ပါသည်။ ဒီမိုကရေစီကျင့်စဉ်များကို စနစ်တကျ မှန်မှန် ကန်ကန် ကျင့်သုံးရေးမှာ ပြည်သူ့ကိုယ်စားလှယ်များ သာမက ပြည်သူများအတွက်ပါ များစွာအရေးကြီးပါ သည်။ ဒီမိုကရေစီစနစ်ကို မှန်မှန်ကန်ကန် မကျင့်သုံး နိုင်ပါက မင်းမဲ့စရိုက်သို့ ရောက်သွားနိုင်သည်ကို အားလုံး က သတိပြုကြရမည် ဖြစ်ပါသည်။**

ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ် တည် ဆောက်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက် များကို အလေးထားပြီး ဒီမိုကရေစီကျင့်စဉ်များအရ ပြည်သူ့အသံ၊ ပြည်သူ့ဆန္ဒကို ကြားနာအလေးထား၍ ပြည်သူတို့ မျှော်လင့်သည်ကို လွှတ်တော်များက အကောင်အထည်ဖော် ဆောင်ရွက်နိုင်ကြပါစေကြောင်း အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့ကို ဂုဏ်ပြုကြိုဆိုရင်း ဆန္ဒပြုအပ်ပါသည်။ ။




## မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

**၁၅-၉-၂၀၁၁ (ကြာသပတေးနေ့)**

**နံနက်ပိုင်း**

- ၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၃၀ ၂။ နံနက်ခင်းသတင်း
- ၇း၄၀ ၃။ အောင်တော်မူ (စောမင်းနောင်၊ စိုင်းညီမင်း၊ တေးရေး-ဗိုလ်ကလေးတင့်အောင်)
- ၇း၅၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၈း၀၀ ၅။ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
- ၈း၀၅ ၆။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
- ၈း၁၀ ၇။ အကပဒေသာ
- ၈း၂၀ ၈။ ၂၀၁၁ ခုနှစ် (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲဝင်များလေ့လာနိုင်ကြရန် (ခေတ်အကြိုက်တေး) [ဝါသနာရှင်(ဒုတိယတန်း)အဆင့်] (အမျိုးသမီး)
- ၈း၄၀ ၉။ **International News**
- ၈း၄၅ ၁၀။ တေးဂီတအစီအစဉ်
- ၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

**ညပိုင်း**

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၁၀ ၂။ တေးဂီတအစီအစဉ်
- ၄း၂၀ ၃။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၄း၃၀ ၄။ "ဆီးချိုသွေးချိုကာကွယ်ပါ"
- ၄း၅၅ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ဒုတိယနှစ် (ရုက္ခဗေဒအထူးပြု) (ရုက္ခဗေဒ)
- ၅း၁၀ ၆။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
- ၅း၂၀ ၇။ "ဝန်းကျင်တစ်ခွင် ကောင်းကျိုးပေးတီစွန့်ပစ် မြေဆွေး" (အပိုင်း-၁)
- ၅း၃၀ ၈။ သိပ္ပံနှင့်သဘာဝပတ်ဝန်းကျင်
- ၅း၄၀ ၉။ ၂၀၁၁ ခုနှစ် (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲဝင်များလေ့လာနိုင်ကြရန် (ခေတ်အကြိုက်တေး) [ဝါသနာရှင်(ဒုတိယတန်း) အဆင့်](အမျိုးသမီး)
- ၆း၀၀ ၁၀။ ညနေခင်းသတင်း
- ၆း၁၅ ၁၁။ မိုးလေဝသအခြေအနေ
- ၆း၂၀ ၁၂။ **ပျော်ရွှင်စေသောနေ့ရက်များ "အချစ်ကော်ဖီ"(အပိုင်း-၆၆)**
- ၆း၄၀ ၁၃။ ထူးဆန်းထွေလာများကို သိပ္ပံဖြင့်ချဉ်းကပ်ခြင်း
- ၇း၀၀ ၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ကြံ့ကြံ့ဖန်ဖန်အမွေဆိုင်" (အပိုင်း-၂၇)**
- ၈း၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ (အတီးဘာသာရပ်ဆိုင်ရာ) အကဲဖြတ်ဒိုင်အဖွဲ့၏ အထောက်အကူပြုဆွေးနွေးခန်း
- ၁၉။ **"အစာလည်းဆေး ဆေးလည်းအစာ"**
- ၂၀။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ရေသူမလေး နောက်ဆုံးချစ်ပုံပြင်" (ဒုတိယပိုင်း) (အပိုင်း-၁)**
- ၂၁။ **နိုင်ငံခြားဇာတ်လမ်းတွဲ "သစ္စာလွှမ်းသောမေတ္တာ" (အပိုင်း-၉၄)**
- ၂၂။ အစီအစဉ်ပြီး၏။

# ပြည်သူများ ဒုက္ခရောက်စေသော အမေရိကန်၏မူဝါဒကို ပြန်လည်စဉ်းစားသုံးသပ်စေလို

## လွှတ်တော်တွင် ပါတီစွဲ၊ ဒေသစွဲ၊ ဝါဒစွဲ၊ လူမျိုးစွဲ၊ ဘာသာစွဲမရှိဘဲ ညီညီညွတ်ညွတ် ပူးပေါင်းဆောင်ရွက်နေ မိမိတို့နှင့် ပတ်သက်ပြီး သတင်းမီဒီယာများ၊ အခြားအဖွဲ့အစည်းများမှ ဝေဖန်အကြံပြုချက်များကို ကြိုဆို

နေပြည်တော် စက်တင်ဘာ ၁၄

**အမေရိကန်အစိုးရ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်နှင့် မူဝါဒရေးရာညှိနှိုင်းရေးမှူး Mr. Derek Mitchell နှင့်အဖွဲ့သည် စက်တင်ဘာ ၉ ရက်မှ ၁၄ ရက်အထိ မြန်မာနိုင်ငံသို့ လာရောက်ခဲ့စဉ်အတွင်း စက်တင်ဘာ ၉ ရက်နံနက်ပိုင်းတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းအား နေပြည်တော်ရှိ လွှတ်တော် အဆောက်အအုံ ပြည်သူ့လွှတ်တော်ခန်းမသို့ လာရောက်တွေ့ဆုံခဲ့သည်။**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက အဆွေတော်နှင့် ကိုယ်စားလှယ်အဖွဲ့အား လှိုက်လှဲစွာ ကြိုဆိုပါကြောင်း၊ မိမိတို့နိုင်ငံသည် ကမ္ဘာ့နိုင်ငံများနှင့် ရင်းနှီးစွာဆက်ဆံလျက်ရှိသကဲ့သို့ မြန်မာ-အမေရိကန်နှစ်နိုင်ငံအကြား တိုးတက်ကောင်းမွန်သော ဆက်ဆံရေးကို လိုလားပါကြောင်း ပဏာမနှုတ်ခွန်းဆက် ပြောကြားပြီး Mr. Derek Mitchell က မိမိသည် သမ္မတအိုဘားမားမှ ခန့်အပ်တာဝန်ပေးခဲ့သည့် အမေရိကန်အစိုးရ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်နှင့် မူဝါဒရေးရာ ညှိနှိုင်းရေးမှူးဖြစ်ပါကြောင်း၊ အဓိကတာဝန်မှာ မြန်မာ-အမေရိကန် နှစ်နိုင်ငံဆက်ဆံရေး ပုံမှန်ပြန်ဖြစ်စေရေးအတွက် အာရုံစိုက်ဆောင်ရွက်သွားရန် ဖြစ်ပါကြောင်း၊ မိမိအနေဖြင့် မြန်မာအစိုးရနှင့် ပွင့်လင်းစွာ တိုက်ရိုက်ဆွေးနွေးသွားရန် အခွင့်အလမ်းများ ရှာဖွေသွားမည်ဖြစ်သကဲ့သို့ ပြင်ပရှိ အဓိကသက်ဆိုင်သူများအားလုံးနှင့်လည်း ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးညှိနှိုင်းသွားမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံနှင့် အပြုသဘောဆောင်သည့် ဆက်ဆံရေးတည်ဆောက်သွားရန် မိမိတို့ ဆန္ဒရှိပါကြောင်း၊ ဒီမိုကရေစီမြှင့်တင်ရေး၊ လူ့အခွင့်အရေး လေးစားလိုက်နာရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်များအပါအဝင် အပြည်ပြည်ဆိုင်ရာ ဝတ္တရားများကို မြန်မာနိုင်ငံမှ လေးစားလိုက်နာရေးတို့ကို တိုက်တွန်းလိုပါကြောင်း၊ မြန်မာနိုင်ငံအစိုးရ၏ ဆောင်ရွက်ချက်များ၊ လွှတ်တော်မှ ပြည်သူများ၏ လိုအပ်ချက်များနှင့် ပတ်သက်၍ အကောင်အထည်ဖော်ဆောင်ရွက်မှုများကို လာရောက်လေ့လာခြင်းဖြစ်ပါကြောင်း ဆွေးနွေးပြောကြားသည်။

ဂင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက မိမိတို့လွှတ်တော်ကို လေ့လာပြီး ဖြစ်မည်ဟု ယုံကြည်ပါကြောင်း၊ မိမိတို့လွှတ်တော်မှ ကိုယ်စားလှယ်များသည် တူညီသည့်သဘောထား ရှိပါကြောင်း၊ မိမိနှင့်အတူ တွေ့ဆုံဆွေးနွေးပွဲသို့ တက်ရောက်လာသော ကိုယ်စားလှယ်များကို ကိုယ်တိုင်မေးမြန်းနိုင်ပါကြောင်း ပြောကြားသည်။

Mr. Derek Mitchell က လွှတ်တော်အစည်းအဝေးများတွင် လွှတ်တော်အမတ်များအကြား အလွတ်သဘော ဆွေးနွေးမှုကိစ္စများ ရှိ/မရှိနှင့် ပြည်သူများ၏ လိုအပ်ချက်များနှင့်ပတ်သက်ပြီး လွှတ်တော်မှ အကောင်အထည်ဖော်ဆောင်ရွက်သည့် လုပ်ငန်းအဆင့်ဆင့်ကို သိရှိလိုပါကြောင်း မေးမြန်းရာ လွှတ်တော်ကိုယ်စားလှယ် ဦးမန်းမောင်မောင်ဉာဏ်က မိမိတို့လွှတ်တော်သည် လွတ်လပ်ပြီး ပွင့်လင်းမှုရှိပါကြောင်း၊ ပြည်ထောင်စုလွှတ်တော်တွင်လည်း သိလိုသမျှ မေးခွန်းများကို တင်ပြမေးမြန်းနိုင်ပါကြောင်း၊ ကိုယ်စားလှယ်များ၏ မေးမြန်းချက်များအပေါ် မူတည်၍ သက်ဆိုင်ရာ ဌာနများမှ ပြန်လည်ဖြေကြားပေးပါကြောင်း၊ အဆိုတင်သွင်းခြင်းများကိုလည်း လွတ်လွတ်လပ်လပ် တင်ပြဆွေးနွေးနိုင်ပါကြောင်း၊ မိမိတို့လွှတ်တော်သည် သန့်ရှင်းသောအစိုးရ၊ ကောင်းမွန်သောအုပ်ချုပ်မှု၊ ပွင့်လင်းမှုနှင့် တာဝန်ခံမှုများရှိအောင် ဆက်လက်ပြီး တိုက်တွန်းနေမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက **မိမိတို့ ပြည်သူ့လွှတ်တော်တွင် ကော်မတီအသစ် (၁၉)ဖွဲ့ကို ထပ်မံဖွဲ့စည်းခဲ့ပါကြောင်း၊ နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကော်မတီ၊ တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီနှင့် အမျိုးသမီးများနှင့် ကလေးသူငယ်များ ကာကွယ်စောင့်ရှောက်ရေးကော်မတီများ ပါဝင်ပါကြောင်း၊ အဆိုပါ အဖွဲ့များ ဖွဲ့စည်းထားပြီး မိမိတို့နိုင်ငံသည် ကမ္ဘာနှင့် ရင်ပေါင်တန်းနိုင်ရန် တိုးမြှင့်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ထိုအချက်များကိုကြည့်ပြီး မိမိတို့၏ ရည်ရွယ်ချက်၊ လုပ်ဆောင်ချက်များကို ရှင်းရှင်းလင်းလင်းသိမြင်နိုင်လိမ့်မည်ဟု ယူဆပါကြောင်း၊ ယနေ့ မိမိတို့အတွက် ထူးခြားသောသတင်းကောင်းအဖြစ် ရှမ်းပြည်နယ်ဒေသအစိုးရနှင့် တိုင်းရင်းသားငြိမ်းချမ်းရေးအဖွဲ့(၂)ဖွဲ့အကြား ပဏာမငြိမ်းချမ်းရေးသဘောတူညီချက် ရရှိသွားပြီဖြစ်ပါကြောင်း၊ အဆိုပါကိစ္စသည် မိမိတို့အတွက် သတင်းကောင်းပင်ဖြစ်ပါကြောင်း၊ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးအတွက် ဆွေးနွေးမှုများ ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်း** ဆွေးနွေးပြောကြားသည်။

Mr. Derek Mitchell က မိမိတို့ အမေရိကန်ဘက်မှ မူဝါဒရေးရာပိုင်းနှင့် ပတ်သက်၍ အကူအညီ အထောက်အပံ့များ လိုအပ်ပါက သိရှိလိုပါကြောင်း မေးမြန်းရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက **အဓိက အကူအညီအထောက်အပံ့မှာ ပြည်သူများအတွက် ဖြည့်ဆည်းပေးရန်ဖြစ်ကြောင်း၊ မိမိတို့ပြည်သူများ ဒုက္ခရောက်စေသော အမေရိကန်၏ မူဝါဒကို ပြန်လည်စဉ်းစားသုံးသပ်စေလိုကြောင်း၊ လွှတ်တော်တွင် ပါတီစွဲ၊ ဒေသစွဲ၊ ဝါဒစွဲ၊ လူမျိုးစွဲ၊ ဘာသာစွဲ မရှိဘဲ ပြည်သူ့အတွက် ညီညီညွတ်ညွတ် ပူးပေါင်းဆောင်ရွက်နေပါကြောင်း၊ မိမိတို့နှင့်ပတ်သက်ပြီး သတင်းမီဒီယာများ၊ အခြားအဖွဲ့အစည်းများမှ ဝေဖန်အကြံပြုချက်များကို ကြိုဆိုပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များ အနေဖြင့် လွှတ်တော်တွင် အချိန်မရွေး တင်ပြ၊ အကြံပြုနိုင်ပါကြောင်း၊ အဆွေတော်ကိုယ်တိုင်လည်း လွှတ်တော်ကိုယ်စားလှယ်များနှင့် နေရာတိုင်းတွင် အချိန်မရွေး တွေ့ဆုံဆွေးနွေးနိုင်ပါကြောင်း၊ ဂင်းတို့၏ ပြောကြားချက်များ၊ ဆွေးနွေးချက်များသည် ပြည်သူ့ကိုယ်စား ဆွေးနွေးချက်များပင်ဖြစ်ပါကြောင်း** ရှင်းလင်းပြောကြားသည်။



ဂင်းနောက် Mr. Derek Mitchell က မိမိတို့ နှစ်နိုင်ငံဆက်ဆံရေး ရှေ့သို့ တက်လှမ်းနိုင်ရေးအတွက် ဆွေးနွေးရန်နှင့် အမြင်ချင်းဖလှယ်ရန် နောက်ထပ် အခွင့်အရေးများစွာ ထပ်မံရရှိနိုင်လိမ့်မည်ဟု မျှော်လင့်ပါကြောင်းဖြင့် ဆွေးနွေးပြောကြားခဲ့သည်။ (သတင်းစဉ်)

### ရင်းရင်းနှီးနှီးနှုတ်ဆက်

**ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်း အမေရိကန် အစိုးရ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်နှင့် မူဝါဒရေးရာညှိနှိုင်းရေးမှူး Mr. Derek Mitchell အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။** (သတင်းစဉ်)



## ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်နှင့် ဗီယက်နမ်သံအမတ်ကြီးနှင့်အဖွဲ့ တွေ့ဆုံ ရေရှည်ဆန်စပါးကဏ္ဍ ပူးပေါင်းထုတ်လုပ်ရေးလုပ်ငန်းများ ညှိနှိုင်းဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၁၄**

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်အား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Chu Cong Phung၊ Viet Trang Import Export Joint Stock Company ၏ Chairman Mr. Nguyen Van Thanh၊ National Seed Joint Stock Company ၏ General Director, Ms. Tran Kim Lien တို့ ပါဝင်သော ဆန်စပါးကဏ္ဍ ရင်းနှီးမြှုပ်နှံမည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လာရောက်တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် မြန်မာနိုင်ငံ၏ ဆန်စပါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နေပြည်တော်အတွင်း စံနမူနာပြရွှေ့ပြောင်း စမ်းသပ်စိုက်ခင်း ဟက်တာ ၂၀ ကို နိုဝင်ဘာလတွင် စံပြစိုက်ခင်းထူထောင် စိုက်ပျိုး အကောင်အထည်ဖော်သွားရန်နှင့် ဒေသရာသီဥတုနှင့် ကိုက်ညီသည့် အကောင်းဆုံးမျိုးအားရွေးချယ်ပြီး မျိုးစေ့ထုတ် လုပ်ငန်းကို ပူးပေါင်းထုတ်လုပ်ခြင်းနှင့် ထွက်ရှိလာသော မျိုးများအား ဟက်တာ ၁၀၀၀၀ (ဧက ၂၅၀၀၀)ခန့်ထိ တိုးချဲ့၍ ရေရှည်ဆန်စပါးကဏ္ဍကို ပူးပေါင်းစိုက်ပျိုးထုတ်လုပ်ဆောင်ရွက်သွားမည့် လုပ်ငန်းများနှင့် စပ်လျဉ်းပြီး ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။**(အပေါ်ပုံ)**

ထို့နောက် ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံ သံအမတ်ကြီးနှင့်အဖွဲ့သည် နေပြည်တော် ပုဗ္ဗသီရိမြို့နယ် တောင်သူပညာပေး စံပြဧက ၅၀၀ စိုက်ခင်း၊ ဒက္ခိဏသီရိမြို့နယ် စက်မှုလယ်ယာ ဟက်တာ ၂၀ စိုက်ခင်း၊ ဇေယျာသီရိမြို့နယ် စိုက်ပျိုးရေးသုတေသနဦးစီးဌာန မျိုးစေ့ဘဏ်၊ ငလိုက်ရေလှောင်တမံနှင့် ရေတာရှည်မြို့နယ် ဆွာချောင်းရေလှောင်တမံ ဆည်ရေသောက်ဧရိယာအတွင်း စိုက်ပျိုးထားသော စပါးစိုက်ခင်းများကို သွားရောက်ကြည့်ရှုလေ့လာခဲ့ကြသည်။ (သတင်းစဉ်)

## မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌအား ဗြိတိန်နိုင်ငံသံရုံးမှ ပထမအတွင်းဝန် လာရောက်တွေ့ဆုံ

**နေပြည်တော် စက်တင်ဘာ ၁၄**

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဦးသန်းညိန်းအား ရန်ကုန်မြို့ရှိ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ဗြိတိန်နိုင်ငံသံရုံး ပထမအတွင်းဝန်နှင့် အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးရေးဌာနမှ တာဝန်ခံ Mr. Paul Whittingham နှင့်အဖွဲ့သည် ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာ၌ မြန်မာနိုင်ငံတွင် ဘဏ်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးနှင့် ငွေရေးကြေးရေးဆိုင်ရာ ကိစ္စရပ်များကို အကျယ်တဝင့် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

(သတင်းစဉ်)

## မြန်မာနိုင်ငံကွန်ပျူတာအသင်းများ နှစ်ပတ်လည်အခမ်းအနား ကျင်းပမည်

**ရန်ကုန် စက်တင်ဘာ ၁၄**

မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ် (MCF)၊ မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း(MCPA)၊ မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်အသင်း (MCIA) နှင့် မြန်မာနိုင်ငံ ကွန်ပျူတာဝါသနာရှင်အသင်း (MCEA) တို့၏ နှစ်ပတ်လည် အခမ်းအနားကို စက်တင်ဘာ ၁၇ ရက် (စနေနေ့) နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ လှိုင်မြို့နယ် မြန်မာအင်ဖိုတက်ခ် အစည်းအဝေးခန်းမ၌ ကျင်းပမည်ဖြစ်ရာ မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း (MCPA)၊ မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်အသင်း (MCIA)နှင့် မြန်မာနိုင်ငံ ကွန်ပျူတာဝါသနာရှင်အသင်း (MCEA) အသင်းဝင်များ အခမ်းအနားသို့ တက်ရောက်ကြရန် ဖိတ်ကြားထားကြောင်း သိရသည်။

(သတင်းစဉ်)

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၅-၉-၂၀၁၁(ကြာသပတေးနေ့)

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇း၀၃ | ၁။ | နိုင်ငံတော်သီချင်း |
| ၇း၀၅ | ၂။ | တရားတော် |
| ၇း၂၀ | ၃။ | ဓမ္မပူဇာတေး |
| ၇း၃၅ | ၄။ | မျိုးချစ်တပ်မတော် |
| ၇း၄၀ | ၅။ | မြန်မာ့ရှုခင်း |
| ၇း၄၅ | ၆။ | မြန်မာသံစဉ်ချိုနားဝင် |
| ၇း၅၀ | ၇။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၇း၅၅ | ၈။ | အမျိုးသားရေးတေးကဗျာ |
| ၈း၀၀ | ၉။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၈း၁၀ | ၁၀။ | အမျိုးသားရေးတေးကဗျာ |
| ၈း၁၅ | ၁၁။ | ပညာပေးဇာတ်လမ်းတို |
| ၈း၂၅ | ၁၂။ | အမျိုးသားရေးတေးကဗျာ |

**ညပိုင်း**

| | | |
|---|---|---|
| ၄း၀၂ | ၁။ | နိုင်ငံတော်သီချင်း |
| ၄း၀၃ | ၂။ | အဖွင့်သီချင်း |
| ၄း၁၀ | ၃။ | မျိုးချစ်တပ်မတော် |
| ၄း၂၀ | ၄။ | ဇာတ်လမ်းတို |
| ၄း၃၀ | ၅။ | ချစ်သူစုံတွဲတူယှဉ်ခွဲ |
| ၄း၃၅ | ၆။ | ဗွီစီဒီကျော်ကြားတေး |
| ၄း၄၅ | ၇။ | မွေးမြူသုတ |
| ၄း၅၀ | ၈။ | မြန်မာသံစဉ်ချိုနားဝင် |
| ၅း၁၀ | ၉။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၅း၃၀ | ၁၀။ | **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -မာယာနှုတ်ခမ်း (အပိုင်း-၁၀၀)** |
| ၆း၀၀ | ၁၁။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၆း၁၅ | ၁၂။ | အမျိုးသားရေးတေးကဗျာ |
| ၆း၃၀ | ၁၃။ | ထူးဆန်းထွေလာ မျက်လှည့်ပညာ |
| ၆း၄၅ | ၁၄။ | ကာတွန်းအစီအစဉ် |
| | | -ကြယ်တာရာမင်းသားလေး (အပိုင်း-၅၇) |
| ၇း၀၀ | ၁၅။ | **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -လမင်းနေမင်း ကြယ်တစ်စင်း (အပိုင်း-၄၉)** |
| ၈း၀၀ | ၁၆။ | မြဝတီရုပ်မြင်သံကြားသတင်း |
| | ၁၇။ | အမျိုးသားရေးတေးကဗျာ |
| | ၁၈။ | ဒို့တာဝန်အရေး(၃)ပါး |
| | ၁၉။ | နိုင်ငံတကာသတင်း |
| | ၂၀။ | မိုးလေဝသသတင်း |
| | ၂၁။ | အနုပညာရှင်၏တစ်နေ့တာ |
| | ၂၂။ | ကုန်သွယ်သုတ |
| | ၂၃။ | ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင် |
| | ၂၄။ | **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ရောင်ပြန်မေတ္တာ (အပိုင်း-၁၆)** |
| | ၂၅။ | ဂီတရင်ခုန်သံ |

☆ရှေ့ဖုံးမှ

Research Institute များမှ သတင်းရယူခြင်းတို့ဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း။

**ထိုင်းနိုင်ငံရောက် မြန်မာအလုပ်သမားအရေအတွက်နှင့် စပ်လျဉ်း၍ အထက်ပါ နိုင်ငံတကာအဖွဲ့အစည်းများ၏ အချက်အလက်များအရ မြန်မာအလုပ်သမား အရေအတွက်မှာ ခန့်မှန်း(၂)သန်းခန့်ရှိရာ ထိုင်းနိုင်ငံ၌ အလုပ်သမားမှတ်ပုံတင်ထားသူ (၁ဒသမ၅)သန်းခန့်ရှိပြီး ကျန်အရေအတွက်မှာ အထောက်အထားမဲ့ဖြစ်ပါကြောင်း၊ ၈-၉-၂၀၁၁ရက်နေ့အထိ နယ်စပ်စခန်းများမှ ယာယီမြန်မာနိုင်ငံကူးလက်မှတ် ထုတ်ပေးပြီးသည့်အရေအတွက်မှာ (၅၄၈၁၀၃)ဦးဖြစ်ပါကြောင်း။**

ပြည်ပတွင်အလုပ်လုပ်ကိုင်နေသော အလုပ်သမားအခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးကော်မတီအနေဖြင့် ထိုင်းနိုင်ငံရောက် အလုပ်သမားများ၏ အခွင့်အရေးအတွက် ထိရောက်စွာ ကိုင်တွယ်ဆောင်ရွက်နိုင်ရန် အဆိုပါနိုင်ငံ၌ Labour Attache တစ်ဦးထားရှိရေးအပါအဝင် ILO Convention များ၊ အာဆီယံစီဘူးကြေညာစာတမ်း၊ GMS Strategic Framework and Action Plan များနှင့်အညီ ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာ ထိုင်းအစိုးရဝန်ကြီးဌာနများနှင့် ညှိနှိုင်းပြီး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

မောင်တောမဲဆန္ဒနယ်မှ ဦးဇော်ကိရ်အာမက် (ခ)ဦးအောင်ဇော်ဝင်း၏ **ရခိုင်ပြည်နယ် မောင်တောခရိုင်အတွင်းရှိ ဒေသခံ မြန်မာမွတ်ဆလင် (၉၀)ရာခိုင်နှုန်းသော ပြည်သူများသည် ပညာရေးနိမ့်ကျပြီး လူနေထူထပ်၍ အလုပ်လက်မဲ့ များပြားလွန်းသည့်အပြင် ပြည်ပအလုပ်အကိုင်များ သွားရောက်လုပ်ကိုင်ခွင့် မရရှိသည်ကို နိုင်ငံတော်အစိုးရအနေဖြင့် မည်ကဲ့သို့ကူညီဆောင်ရွက်ပေးနိုင်မည်ကိုသိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ အလုပ်သမားဝန်ကြီးဌာနသည် အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံးများ ဖွင့်လှစ်လျက် အလုပ်ရှာဖွေသူများအား ပြည်တွင်းပြည်ပ အလုပ်အကိုင်အခွင့်အလမ်းများတွင် အလုပ်အကိုင်ရရှိအောင် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ရခိုင်ပြည်နယ်အတွင်း စစ်တွေ၊ သံတွဲ၊ ကျောက်ဖြူ၊ အမ်းနှင့် ကျောက်တော်မြို့များတွင် အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံးများ ဖွင့်လှစ်ထားရှိပါကြောင်း၊ ပြည်ပအလုပ်အကိုင်ကိစ္စရပ်များကို အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံးများသာမက ပြည်ပအလုပ်အကိုင် အကျိုးဆောင်လိုင်စင်ရအေဂျင်စီများကလည်း ဝန်ဆောင်မှုပေးနေကြပြီး အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံးများတွင် ကြော်ငြာခြင်း၊ သတင်းစာနှင့်ဂျာနယ်များတွင် ကျယ်ကျယ်ပြန့်ပြန့် ကြော်ငြာခြင်းနှင့် အလုပ်သမားဝန်ကြီးဌာန၏ Website တွင် ကြော်ငြာခြင်းတို့ဖြင့် တစ်နိုင်ငံလုံးအတိုင်းအတာရှိ ပြည်ပအလုပ်အကိုင် လုပ်လိုသူများကို အသိပေးလျက်ရှိပါကြောင်း။

အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီက ကိုရီးယားသမ္မတနိုင်ငံသို့ အလုပ်သမားများ စေလွှတ်လျက်ရှိပြီး တာချီလိတ်၊ မြဝတီ၊ ကော့သောင်းမြို့တို့ရှိ အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံးများက ထိုင်းနိုင်ငံသို့ အလုပ်သမားများကို စိစစ်စေလွှတ်ပေးလျက်ရှိပါကြောင်း၊ ပြည်ပတွင် အလုပ်လုပ်ကိုင်လိုသူများသည် သတင်းစာနှင့် ဂျာနယ်ကြော်ငြာများတွင်ပါရှိသော အလုပ်အကိုင်အခွင့်အလမ်းများအပေါ် မိမိတို့ကြိုက်နှစ်သက်ရာ ပြည်ပအလုပ်အကိုင်အခွင့်အလမ်းကို လိုအပ်သော နိုင်ငံကူးလက်မှတ် အပါအဝင် အထောက်အထား စာရွက်စာတမ်းများဖြင့် စာရင်းသွင်း မှတ်ပုံတင်ခြင်း၊ အလုပ်ရှင်၏ ရွေးချယ်မှုကိုခံယူခြင်း၊ ၎င်းအလုပ်တွင် လုပ်ကိုင်ရန်ဆုံးဖြတ်ပါက အလုပ်ရှင်နှင့် သဘောတူစာချုပ် ချုပ်ဆိုခြင်း၊ Calling Visa စောင့်၍ ပြည်ပသို့ ထွက်ခွာခြင်းလုပ်ငန်းစဉ်များ ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

**လက်ရှိအခြေအနေအရ ဘူးသီးတောင်နှင့် မောင်တောတို့တွင် အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံးများမရှိသေးသဖြင့် ကြော်ငြာများအား ဘူးသီးတောင်နှင့် မောင်တော အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ပေးပို့၍ ကြော်ငြာပေးမည်ဖြစ်ပါကြောင်း၊ အဆိုပါဒေသတွင် ပြည်ပအလုပ်အကိုင်ရှာဖွေသူများ တိုးတက်များပြားလာပါက အစိုးရအလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံးဖွင့်လှစ်ပေးခြင်း၊ ပြည်ပအလုပ်အကိုင် အကျိုးဆောင်လိုင်စင်ရ အေဂျင်စီခွင့်ပြုပေးခြင်းများ စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။**

အလားတူ လွှတ်တော်ကိုယ်စားလှယ်(၂)ဦးက နယ်စပ်ရေးရာနှင့် မြန်မာ့စက်မှုဖွံ့ဖြိုးရေးကဏ္ဍတို့နှင့်စပ်လျဉ်း၍ မေးခွန်း(၂)ခုကို မေးမြန်းခဲ့ရာ နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သိန်းဌေးက ပြန်လည်ဖြေကြားသည်။

တောင်ဥက္ကလာပမဲဆန္ဒနယ်မှ ဦးအောင်သိန်းလင်း၏ **ပြည်ထောင်စုအစိုးရအဖွဲ့တွင် မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာနအား အသစ်ဖွဲ့စည်းခဲ့သည်ကိုတွေ့ရှိရပါကြောင်း၊ ၎င်းဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံ၏ စက်မှုဖွံ့ဖြိုးရေးတွင် မည်သည့်အခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်မည်၊ မည်သို့သော စက်မှုလုပ်ငန်းများကို ရည်မှန်းချက်ထား၍ ဆောင်ရွက်မည်၊ မြန်မာနိုင်ငံပြည်သူများအတွက် မည်သို့သောအကျိုးကျေးဇူးများ ရရှိခံစားနိုင်မည်နှင့် နိုင်ငံပိုင်စက်မှုလုပ်ငန်း၊ ပုဂ္ဂလိကပိုင်စက်မှုလုပ်ငန်းအပေါ် မည်သို့သော အကျိုးသက်ရောက်မှုများရရှိနိုင်မည်တို့ကို သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ နည်းပညာဖွံ့ဖြိုးမှု၊ စက်ရုံအရင်းအနှီး၊ စွမ်းအင်လိုအပ်ချက်၊ စက်မှုကုန်ကြမ်းလိုအပ်ချက်စသည့် ကန့်သတ်ချက်များကို ကျော်လွှားနိုင်စေရန်နှင့် စက်မှုကုန်ထုတ်လုပ်မှုကဏ္ဍတွင် နိုင်ငံတော်က ကျင့်သုံးနေသော ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ပုဂ္ဂလိကကဏ္ဍ၊ အများပိုင်ကဏ္ဍတို့မှ ကျယ်ကျယ်ပြန့်ပြန့် ပါဝင်သည့် အမျိုးသားစက်မှုဖွံ့ဖြိုးရေးအခြေအနေကို ဖန်တီးနိုင်ရန်ရည်ရွယ်ချက်ဖြင့် မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာနကိုဖွဲ့စည်းပြီး လုပ်ငန်းစဉ်များချမှတ်ကာ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာနအနေဖြင့် Technology based Industry နှင့် Knowledge based Industry တို့ကို အဓိကထား၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ အဓိကအားဖြင့် National Mechanical Industry Complex, National Electronic Industry Complex နှင့် National Aviation and Aerospace Industry Complex စသည့် စက်မှုဖွံ့ဖြိုးရေးလုပ်ငန်းကဏ္ဍကြီး (၃)ရပ်ကို သီးခြားဇုန်များဖြင့် ဖွဲ့စည်းတည်ဆောက်နိုင်ရေးအတွက် စီမံဆောင်ရွက်လျက်ရှိပါကြောင်း၊ ဝန်ကြီးဌာန၏ အဓိကရည်မှန်းချက်မှာ Consumer goods Industry အတွက်မဟုတ်ဘဲ Capital goods Industry အတွက် မျှော်မှန်းဆောင်ရွက်ခြင်းနှင့် မြန်မာနိုင်ငံ၏ အမျိုးသားစက်မှုဖွံ့ဖြိုးရေးအတွက် မရှိမဖြစ်လိုအပ်နေသော စက်ရုံများ၊ စက်လိုင်းများ၊ စက်ပစ္စည်းများကို ထုတ်လုပ်ပေးနိုင်သော Source Industry (သို့မဟုတ်) Mother Industry များကို တည်ဆောက်လျက် အမျိုးသားစက်မှုလုပ်ငန်းစွမ်းအားစုတစ်ရပ် ပေါ်ထွက်လာရေးဖြစ်ပါကြောင်း။

မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာန၏ ရည်မှန်းချက်များတွင် ဂျပန်နိုင်ငံ၊ တောင်ကိုရီးယားနိုင်ငံနှင့် တရုတ်နိုင်ငံတို့၏ စက်မှုဖွံ့ဖြိုးရေးလုပ်ငန်းစဉ်အတွေ့အကြုံများနှင့် အတိတ်သင်ခန်းစာများအပေါ် အသေးစိတ်လေ့လာဆန်းစစ်ကာ မိမိနိုင်ငံ၏ ပကတိအခြေအနေ၊ ASEAN ဒေသတွင်းနိုင်ငံများ၏ ဦးတည်လမ်းကြောင်း၊ အနာဂတ်ကာလကမ္ဘာ့စက်မှုကုန်ထုတ်လုပ်ငန်းများ၏ အလားအလာတို့ကို သေချာစွာ အချိန်ယူလေ့လာသုံးသပ်ပြီးမှ ရေရှည်တည်တံ့ခိုင်မြဲမည့်၊ သားစဉ်မြေးဆက်အကျိုးရှိပြီး အားထားလုပ်ကိုင်နိုင်မည့်၊ တစ်မျိုးသားလုံးမှ ပါဝင်လုပ်ကိုင်ဆောင်ရွက်နိုင်မည့်၊ အနာဂတ် မြန်မာ့စက်မှုဖွံ့ဖြိုးရေးနှင့် နည်းပညာဖွံ့ဖြိုးရေးအတွက် အာမခံချက်ရှိပြီး ကမ္ဘာနှင့်ရင်ပေါင်တန်းနိုင်သည့် အဆင့်အတန်းသို့ရောက်ရှိနိုင်မည့် အစီအမံ၊ လုပ်ငန်းစဉ်များနှင့် ဦးတည်ချက်များကို မြဲမြဲမြံမြံချမှတ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း။

**အလျဉ်းသင့်၍ ဧရာဝတီမြစ်ဆုံစီမံကိန်းနှင့်စပ်လျဉ်းပြီး တင်ပြရလျှင် ယင်းစီမံကိန်းသည် လျှပ်စစ်ဓာတ်အား မီဂါဝပ်(၁၈၀၀၀)ခန့် ထုတ်လုပ်နိုင်မည်ဖြစ်ရာ နိုင်ငံတော်အတွက်အထူးအရေးပါသော စွမ်းအင်စီမံကိန်းတစ်ရပ်ဖြစ်ပါကြောင်း၊ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် မရှိမဖြစ်စီမံကိန်း တစ်ရပ်ဖြစ်ပါကြောင်း၊ အဆိုပါ လျှပ်စစ်ဓာတ်အားပမာဏရရှိရန်အတွက် နျူကလီးယားဓာတ်ပေါင်းဖို (၂၀)ခန့် တည်ဆောက်ရမည်ဖြစ်ပါကြောင်း၊ နျူကလီးယားဓာတ်ပေါင်းဖိုတစ်ခု၏ ကုန်ကျစရိတ်မှာ အမေရိကန်ဒေါ်လာ(၁)ဘီလီယံခန့်ဖြစ်ရာ ယင်းလျှပ်စစ်ဓာတ်အားပမာဏအတွက် အမေရိကန်ဒေါ်လာဘီလီယံ(၂၀)ခန့် သုံးစွဲရန်လိုအပ်မည်ဖြစ်ပါကြောင်း၊ ထိုငွေကြေးပမာဏကို တတ်နိုင်သည့်တိုင်အောင် တည်ဆောက်ရေးအတွက် အချိန်နှင့်နိုင်ငံရေးဆိုင်ရာ ကန့်သတ်ချက်များစွာရှိပါကြောင်း၊ ယနေ့ကမ္ဘာပေါ်တွင် နျူကလီးယားဓာတ်ပေါင်းဖိုများကို လုံခြုံမှုအရဖျက်သိမ်းရေးကိုပင် စဉ်းစားနေရသည့်အခြေအနေ ဖြစ်ပါကြောင်း။**

**ရေအားလျှပ်စစ်ဓာတ်အားမှာ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဖြစ်သည့်အတွက် ကမ္ဘာကကြိုဆိုလက်ခံသည့် Green Energy ဖြစ်ပါကြောင်း၊ ဧရာဝတီမြစ်ရေ၏(၇)ရာခိုင်နှုန်းခန့်သာ အသုံးပြုမည်ဖြစ်သဖြင့် မြစ်ကြောင်းတိမ်ကောရေးအတွက် စိုးရိမ်ပူပန်ရန်မရှိပါ ကြောင်း၊ စနစ်တကျ တွက်ချက်ပြီးမှသာ ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ ဧရာဝတီမြစ်ကြောင်း ထိန်းသိမ်းရေးအတွက်လည်း သီးခြားအစီအမံများ ရေးဆွဲဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ အစီအမံများလည်းရှိပြီးဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံတွင် လူဦးရေ သန်း(၆၀)ခန့်ရှိပြီး သဘာဝသယံဇာတအရင်းအမြစ်များနှင့် စိုက်ပျိုးရေးတို့အပေါ်တွင် မှီခိုအားထားနေရသော်လည်း နိုင်ငံခေတ်မီဖွံ့ဖြိုးတိုးတက်ရေး၊ စီးပွားရေးအောင်မြင် မြင့်မားစေရေးအတွက် ဆိုပါက စက်မှုကဏ္ဍဖွံ့ဖြိုးရေးကို အလေးထားလုပ်ဆောင်ရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ စက်မှုနိုင်ငံထူထောင်ရေးတွင် လျှပ်စစ်ဓာတ်အားရရှိရန် မရှိမဖြစ်လိုအပ်သည့်အတွက် ရေအားလျှပ်စစ်စီမံကိန်းများကို ဆောင်ရွက်နေရခြင်းဖြစ်ပါကြောင်း။**

မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာနအနေဖြင့် အမျိုးသားစက်မှုဖွံ့ဖြိုးရေးစီမံကိန်းများကို အကောင်အထည်ဖော်ရန် Plan of Action ရေးဆွဲရာ၌ နိုင်ငံတကာ၏ပကတိဖြစ်ထွန်းမှုများကို စက်ရုံပေါင်းရာနှင့်ချီ၍ လေ့လာပြီး နှစ်နှင့်ချီ၍အချိန်ယူကာ ရေးဆွဲဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ငွေကြေးရင်းနှီးမြှုပ်နှံမှု၊ လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးမှု၊ တည်ဆောက်မှုနှင့် တည်ထောင်မှုလုပ်ငန်းများကို ဆယ်စုနှစ် ရည်မှန်းချက်ထား၍ ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ အမျိုးသားစက်မှုဖွံ့ဖြိုးရေးလုပ်ငန်းစဉ်သည် အလွန်ကြီးမားကျယ်ပြန့်လှသောလုပ်ငန်းစဉ်ဖြစ်သည်နှင့်အညီ ပါဝင်မှုကဏ္ဍအနေဖြင့်လည်း နိုင်ငံပိုင်ကဏ္ဍ၊ ပုဂ္ဂလိကကဏ္ဍ၊ အများပိုင်ကဏ္ဍ၊ ဖက်စပ်ပိုင်ကဏ္ဍ၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကဏ္ဍ စသည်ဖြင့် ကဏ္ဍအားလုံးကိုပေါင်းစပ်ထိန်းညှိ၍ ဆောင်ရွက်သွားရန်လိုအပ်ပါကြောင်း။

**မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာန၏ ရည်မှန်းချက်သည် Mother Industry ကို ဖြစ်ထွန်းစေလျက် Capital goods Industry ဟုခေါ်ဆိုအပ်သော စက်ရုံများ၊ စက်လိုင်းများနှင့် စက်ပစ္စည်းများထုတ်လုပ်နိုင်ရေးဖြစ်ပြီး စီးပွားရေးဘဝကဏ္ဍစုံမှ လိုအပ်နေသောစက်ရုံနှင့် စက်လိုင်းအမျိုးမျိုးကို ထုတ်လုပ်သွားမည် ဖြစ်ပါကြောင်း၊ ငွေကြေးအရင်းအနှီး၊ စက်အရင်းအနှီးများလိုအပ်နေသော ပုဂ္ဂလိကပိုင်နှင့် အများပိုင်စက်မှုလုပ်ငန်းများဖွံ့ဖြိုးရေးအတွက် နိုင်ငံတော်က ပံ့ပိုးပေးနိုင်ရန်အတွက် အဓိကထားရည်ရွယ်ပါကြောင်း၊ တစ်ဖက်တွင်လည်း မိမိနိုင်ငံ၌ အခွင့်အလမ်းနည်းပါးမှုကြောင့် လူမှုဘဝကိုစွန့်လွှတ်အနစ်နာခံ၍ အခြားသောနိုင်ငံများသို့ သွားရောက်လုပ်ကိုင်နေရသော အင်ဂျင်နီယာများ၊ အတတ်ပညာရှင်များ၊ စီးပွားရေးပညာရှင်များ၊ စီမံခန့်ခွဲသူများ၊ ကျွမ်းကျင်လုပ်သားများနှင့် သာမန်လုပ်သားများ အစရှိသော လူတန်းစားအားလုံးအတွက် မိမိနိုင်ငံတွင်ပင် ကြီးမားကျယ်ပြန့်သော အလုပ်အကိုင်အခွင့်အလမ်းများ စဉ်ဆက်မပြတ်ဖြစ်ထွန်းစေကာ အိုးမကွာအိမ်မကွာ အလုပ်လုပ်နိုင်သည့် အခွင့်အရေးနှင့် မိမိနိုင်ငံအတွက် အလုပ်လုပ်နိုင်သည့် အခွင့်အရေး၊ မိမိနိုင်ငံ၏ သဘာဝသယံဇာတများကို ပြည်ပနိုင်ငံများသို့ အားကိုးရန်မလိုဘဲ မိမိတို့၏အစွမ်းဖြင့် ဖော်ထုတ်သုံးစွဲနိုင်ရေး၊ အတ္တပရ အကျိုးကျေးဇူးနှစ်ရပ်စလုံးကို ရရှိစေကာ နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးကို အန္တိမရည်မှန်းချက်အဖြစ်ထားရှိကာ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း**ဖြင့် ဖြေကြားသည်။

ကျောက်တံခါးမဲဆန္ဒနယ်မှ ဒေါက်တာခင်မောင်ဆွေ၏ **ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ်ရှိ ရန်ကုန်-မန္တလေးလမ်းဟောင်းမှ ယခု ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးအထိ သွားရောက်နိုင်သော (၈)မိုင်ခွဲခန့်ရှိ ကျောက်တံခါး-အင်းပတ်လည်လမ်းကို အမြန်လမ်းမကြီးစီမံကိန်းမှ မြေသယ်ကား၊ ကျောက်သယ်ကားများက အသုံးပြုခဲ့သဖြင့် လမ်းရော တံတားများပါ အလွန်အမင်းပျက်စီးခဲ့ပါကြောင်း၊ ယခုအခါ သွားလာရေး အလွန်ခက်ခဲနေပါသောကြောင့် နိုင်ငံတော်အနေဖြင့် ကျောက်တံခါး-အင်းပတ်လည် လမ်းပျက်စီးနေမှုကို ပြင်ဆင်ပေးရန် အစီအစဉ် ရှိ/မရှိသိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ကျောက်တံခါးမြို့နယ် ကျောက်တံခါး-အင်းပတ်လည် မြေသားလမ်း(၈)မိုင်သည် ကျေးရွာနှင့် မြို့ဆက်သွယ်သောလမ်းဖြစ်ပြီး ၁၉၆၂ ခုနှစ်ခန့်က ကျေးလက်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သည့် ရာသီမရွေး သွားလာနိုင်သောလမ်းဖြစ်ပါကြောင်း၊ ယခုအခါ လမ်းအသုံးပြုမှုများလာသောကြောင့် မြေသားလမ်းနှင့် တံတားများ ပျက်စီးခဲ့ခြင်းဖြစ်ပါကြောင်း၊ အဆိုပါလမ်းအား ၂၀၁၁-၂၀၁၂ဘဏ္ဍာရေးနှစ်အတွင်း ပြုပြင်ရန်အတွက် လိုအပ်သောယန္တရားများပံ့ပိုးပေးပြီး စည်ပင်သာယာရေးဦးစီးဌာန (ရုံးချုပ်)မှ ထောက်ပံ့ငွေကျပ် (၇ဒသမ၅)သန်း၊ ကျောက်တံခါးမြို့နယ် စည်ပင်သာယာ



ကျောက်တံခါး မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါက်တာခင်မောင်ဆွေ မေးမြန်းစဉ်။ (သတင်းစဉ်)

ရေးအဖွဲ့၏ ဖြည့်စွက်ရန်ပုံငွေကျပ် သန်း(၄၀) စုစုပေါင်း ကျပ်(၄၇ဒသမ၅) သန်းဖြင့် မြေသားလမ်းပြုပြင်ခြင်း(၈-မိုင်)နှင့် လမ်းဘေးရေမြောင်းများပြုပြင်ခြင်း(၈-မိုင်)လုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ သို့ဖြစ်၍ ကျောက်တံခါး-အင်းပတ်လည်လမ်း ပျက်စီးမှုပြုပြင်ပေးရေးကိစ္စနှင့်စပ်လျဉ်း၍ ရာသီမရွေး သွားလာနိုင်သော ဂဝံလမ်းအဖြစ်သို့ အဆင့်မြှင့်တင်ခြင်းနှင့် လိုအပ်သောသစ်သားတံတားများ တည်ဆောက်ခြင်း လုပ်ငန်းများကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ နှစ်အလိုက် အစီအမံဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။

သီပေါမဲဆန္ဒနယ်မှ ဦးရဲထွန်း(ခ) ဦးမင်းထွန်း၏ **ရခိုင်ပြည်နယ် ကျောက်ဖြူမြို့မှ ရှမ်းပြည်နယ်ရှိ တရုတ်-မြန်မာနယ်စပ်အထိ သဘာဝဓာတ်ငွေ့ပိုက်လိုင်းနှင့် ရေနံစိမ်းပိုက်လိုင်း သွယ်တန်းခြင်းလုပ်ငန်းများကိုစတင်လုပ်ကိုင်နေပြီး ထိုသို့ဆောင်ရွက်ကြရာတွင် တောင်သူလယ်သမားများ၏ လယ်ယာမြေများကိုတူးဖော်၍ ပိုက်လိုင်းများချရန်အတွက် နစ်နာမှုမရှိစေရန် ထိုက်တန်သော လျော်ကြေးငွေများပေးလျော်ခြင်းနှင့်ပတ်သက်၍ တာဝန်ရှိပုဂ္ဂိုလ်များနှင့် တရုတ်ကုမ္ပဏီတို့ ဆွေးနွေးညှိနှိုင်းတိုင်ပင်မှုများ ပြုလုပ်နေသည်ဟု ကြားသိရပါကြောင်း၊ ပေးလျော်မည့် မြေတန်ဖိုးနှင့် ငါးနှစ်စာသီးနှံတန်ဖိုးများကို နှစ်ဖက် ညှိနှိုင်းသဘောတူပြီးသည့်အခါ သတ်မှတ်လျော်ကြေးငွေတန်ဖိုးများအား အများပြည်သူ သိရှိအောင် အစိုးရပိုင်သတင်းစာ၊ ရေဒီယိုတို့မှ ထုတ်ပြန်ကြေညာပေးစေလိုပါသဖြင့် ထိုသို့သော ပွင့်လင်းမြင်သာသည့် အစီအစဉ် ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေးက ရေနံစိမ်းနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းများ တည်ဆောက်မည့် အမြဲတမ်း ပိုက်လိုင်းနယ်မြေကို ပိုက်လိုင်းတစ်လိုင်းတည်း တည်ဆောက်မည်ဆိုပါက အကျယ်မီတာ(၂၀)နှင့် ပိုက်လိုင်း (၂)လိုင်းအပြိုင်ဖြစ်ပါက အကျယ်မီတာ(၃၀)အထိ အသုံးပြုမည်ဖြစ်ပါကြောင်း၊ မြေအများအပြားအသုံးပြုခြင်းမှ ရှောင်ရှားနိုင်ရန် အတတ်နိုင်ဆုံး ပိုက်လိုင်း (၂)လိုင်း တည်ဆောက်မည်ဖြစ်ပါကြောင်း၊ မြေယာရရှိရေးအဖွဲ့နှင့် သီးနှံလျော်ကြေးပေးရေးအဖွဲ့များကို စွမ်းအင်ဝန်ကြီးဌာန၊ သက်ဆိုင်ရာဒေသရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၊ ပိုက်လိုင်းလမ်းကြောင်းဖြတ်သန်းရာဒေသမှ ရပ်မိရပ်ဖနှင့် ပိုက်လိုင်းလုပ်ငန်းဆောင်ရွက်သည့်ကုမ္ပဏီမှ ကိုယ်စားလှယ်များပါဝင်သောအဖွဲ့ဖြင့် အသေးစိတ်ကွင်းဆင်းစစ်ဆေးပြီး လိုအပ်သည့်အနည်းဆုံးဧရိယာပမာဏ အတွင်းသာ အသုံးပြုရေးကို ဒေသခံပြည်သူများနှင့် ဆောင်ရွက်လျက်ရှိပါကြောင်း။

အမြဲတမ်းမြေသိမ်းဆည်းမှုတွင် သီးနှံများကို လျော်ကြေးတွက်ချက်ရာ၌ သီးနှံဈေးနှုန်း၊ တစ်ဧက(သို့မဟုတ်) တစ်ပင်အထွက်နှုန်း၊ ပျက်စီးဧက(သို့မဟုတ်) ထိခိုက်နစ်နာသောအပင်အရေအတွက်၊ အပင်ကြီးရင့်ကိန်းသတ်မှတ်မှုတို့ကို အခြေခံပြီးမှ (၅)နှစ်စာ တွက်ချက်ပေးလျော်ခြင်းဖြစ်ပါကြောင်း၊ ယာယီမြေသိမ်းဆည်းမှုဆိုပါက ရာသီအလိုက်သီးနှံများအတွက် လျော်ကြေးနှစ်ကို တစ်နှစ်အဖြစ်လည်းကောင်း၊ ဥယျာဉ်ခြံမြေအတွက် လျော်ကြေးနှစ်ကို(၃)နှစ်အဖြစ်လည်းကောင်း သတ်မှတ်တွက်ချက်ပါကြောင်း၊ မြန်မာ-တရုတ်ရေနံနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းစီမံကိန်းမှ သက်ဆိုင်ရာကာယကံရှင်များထံသို့ ပေးအပ်ပြီးဖြစ်သည့် စုစုပေါင်း လျော်ကြေးငွေများမှာ ယနေ့အထိ မြန်မာကျပ်ငွေ(၁၅၀၀၆၄၂၃၈၃ဒသမ၁၂)နှင့်အမေရိကန် ဒေါ်လာ(၅၅၀၀၀၀) ရှိပါကြောင်း၊ ကျန်ရှိသောမြေများကိုလည်း မြေယာရရှိရေး၊ မြေယာနှင့် သီးနှံလျော်ကြေးပေးရေးဆောင်ရွက်လျက်ရှိပါကြောင်း၊ မြေယာလျော်ကြေး လုပ်ထုံးလုပ်နည်းများအရ မြေအတန်းအစား၊ အကောင်းအညံ့၊ သီးနှံအထွက်နှုန်းစသည့်အချက်များမှာ ဒေသတစ်ခုနှင့်တစ်ခု မည်သို့မျှမတူနိုင်သကဲ့သို့ လျော်ကြေးငွေပမာဏ နှုန်းထားများလည်း မတူညီသည်ကိုတွေ့ရှိရပါကြောင်း။

**ပိုက်လိုင်းဖြင့် ရေနံနှင့်သဘာဝဓာတ်ငွေ့စသည့် တင်ပို့၊ ရောင်းချခြင်းဆိုင်ရာ စာချုပ်စာတမ်းများတွင် ရောင်းသူနှင့်ဝယ်သူအကြား (သို့မဟုတ်) ပိုက်လိုင်းကုမ္ပဏီ နှင့် ယင်းပိုက်လိုင်းကို အသုံးပြုတင်ပို့ သယ်ဆောင်မည့်သူအကြား လုပ်ငန်းစတင်ရမည့် ရက်ကို အတိအကျသတ်မှတ်ထားလေ့ရှိပြီး သတ်မှတ်ချိန်အတွင်း မဆောင်ရွက်နိုင်ပါက ပျက်ကွက်သူဘက်မှ လျော်ကြေးပေးရသည့်ထုံးစံရှိသဖြင့် အနှောင့်အယှက်၊ အဟန့်အတား၊ အခက်အခဲပြဿနာအနည်းဆုံးနှင့် လုပ်ငန်းအချိန်မီပြီးဆုံးရေးသည် နှစ်ဖက်**



နယ်စပ် ရေးရာ ဝန်ကြီးဌာန နှင့် မြန်မာ့စက်မှုဖွံ့ဖြိုးရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သိန်းဌေး မေးမြန်းချက် များကို ပြန်လည်ဖြေကြားစဉ်။

(သတင်းစဉ်)

**စလုံးအတွက် အလွန်အရေးကြီးသည့်အချက် ဖြစ်ပါကြောင်း၊ တင်ပြခဲ့သော အခြေအနေများအရလည်းကောင်း၊ မြေသီးနှံလျော်ကြေး လုပ်ထုံးလုပ်နည်းသည် ပြည်သူများ မနစ်နာအောင် စနစ်တကျ ပြင်ဆင်ဆောင်ရွက်ထားပြီး ကာယကံရှင်ကိုယ်တိုင် သဘောတူလက်ခံမှ ဆက်လက်ဆောင်ရွက်ခြင်းဖြစ်၍လည်းကောင်း ယခုအချိန်ထိ အဆင်ပြေစွာ ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် အသေးစိတ် သတင်းထုတ်ပြန်ရေးအတွက် အခြေအနေအရပ်ရပ်ကို သုံးသပ်ပြီး သင့်လျော်သောအချိန်တွင် ထုတ်ပြန်ပေးသွားမည်ဖြစ်ပါကြောင်း**ဖြင့် ပြန်လည်ဖြေကြားသည်။

လွှတ်တော်ကိုယ်စားလှယ်(၂)ဦးက ပို့ဆောင်ရေးကဏ္ဍနှင့်စပ်လျဉ်း၍ မေးခွန်း(၂)ခုကို မေးမြန်းခဲ့ရာ ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်က ပြန်လည်ဖြေကြားသည်။

မာန်အောင်မဲဆန္ဒနယ်မှ ဦးအောင်စိန်၏ **ရခိုင်ပြည်နယ် မာန်အောင်မြို့နယ်ရှိ ကျွန်းသူကျွန်းသားများအားလုံးသည် မာန်အောင်မြို့မှ ကျောက်ဖြူ-စစ်တွေသို့လည်းကောင်း၊ သံတွဲ-ပုသိမ်-ရန်ကုန်သို့ လည်းကောင်း ရေလမ်းခရီးတစ်ခုတည်းကိုသာ အားကိုးသွားလာနေကြရပါကြောင်း၊ ကျန်းမာရေးကိစ္စ အရေးကြီးလူနာများ အမြန်ဆုံးသွားလာဆေးကုသနိုင်ရေးအတွက် မာန်အောင်မြို့ အနောက်ဘက် (၃)မိုင်ခန့်အကွာ ကျွန်းပတ်လမ်းဘေး စမုံတဲရွာအနီးရှိ စမုံတဲလေယာဉ်ကွင်းကို တိုးချဲ့လုပ်ဆောင်ကာ လေယာဉ်ခရီးစဉ်ရရှိအောင် လေယာဉ်ကွင်းတိုးချဲ့ပေးရန် အစီအစဉ် ရှိ/မရှိသိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ မာန်အောင်(စမုံတဲ)လေယာဉ်ကွင်းသည် ရခိုင်ပြည်နယ် မာန်အောင်ကျွန်း မာန်အောင်မြို့၏ အနောက်ဘက် (၃)မိုင်ခန့်အကွာ စမုံတဲရွာအနီးတွင်တည်ရှိပါကြောင်း၊ ယခင်က ဒါကိုတာလေယာဉ်နှင့် တွင်အော်တာလေယာဉ်တို့ ဆင်းသက်ခဲ့ပြီး ၁၉၈၅ ခုနှစ်တွင် လေယာဉ်များပျံသန်းမှုရပ်ဆိုင်းခဲ့ပါကြောင်း၊ ထို့နောက် F-27လေယာဉ်များ ဆင်းသက်ရန်အတွက် လိုအပ်သောပြေးလမ်းအရှည်ပေ (၄၀၀၀)ရရှိရန် လေယာဉ်ပြေးလမ်းအား ဆက်လက်တိုးချဲ့တည်ဆောက်ခဲ့ရာ ၁၉၉၀-၁၉၉၁ ခုနှစ်တွင် အလျားပေ(၃၇၀၀)၊ အနံ(၇၅)ပေ၊ ထု(၁၂)လက်မရရှိခဲ့ပြီး လေယာဉ်များ ဆင်းသက်မှုမပြုလုပ်ခဲ့ပါကြောင်း၊ ရာသီဥတုဒဏ်နှင့် ပြုပြင်မွမ်းမံခြင်းလုပ်ငန်းများ မဆောင်ရွက်ခဲ့ခြင်းတို့ကြောင့် လက်ရှိလေယာဉ်ပြေးလမ်းပေါ်တွင် လေယာဉ် ဆင်း/တက်မှု ပြုလုပ်၍ မရနိုင်ပါကြောင်း။

ရေနက်ဆိပ်ကမ်း တည်ဆောက်ရေးစီမံကိန်းရှိသည့်အတွက် ကျောက်ဖြူလေယာဉ်ကွင်းအား လက်ရှိလေယာဉ်ပြေးလမ်း အလျား(၄၆၂၀)ပေ၊ အနံပေ(၁၀၀)တိုးချဲ့တည်ဆောက်လျက်ရှိရာ ယခုနှစ်တွင် အလျားပေ(၁၀၀၀)တိုးချဲ့ တည်ဆောက်ပြီးစီးမည်ဖြစ်ပြီး လာမည့်နှစ်တွင် အလျားပေ(၁၄၀၀)ထပ်မံတိုးချဲ့ရန် စီစဉ်ဆောင်ရွက်ထားရှိပါကြောင်း၊ ထို့ကြောင့် လာမည့်(၂)နှစ်အတွင်း ကျောက်ဖြူလေယာဉ်ပြေးလမ်းသည် အလျားပေ(၇၀၀၀)၊ အနံပေ(၁၀၀)ရှိပြီး F-28 ကဲ့သို့ ဂျက်လေယာဉ်များ ဆင်းသက်အသုံးပြုနိုင်မည်ဖြစ်ပါကြောင်း။

**မာန်အောင်(စမုံတဲ)လေယာဉ်ကွင်းသည် ကျောက်ဖြူလေယာဉ်ကွင်းနှင့် (၃၆)မိုင် အကွာတွင်သာရှိသည့်အတွက် ပြေးလမ်းအရှည်** စာမျက်နှာ ၆ ကော်လံ ၁ သို့✤

✤ စာမျက်နှာ ၅ မှ

**ပေ(၄၀၀၀)အထက် ရှည်လျားသည့် လေယာဉ်ကွင်းတစ်ခုတည်ဆောက်သွားရန် မလိုအပ်ပါကြောင်း၊ ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေး အတွက်လိုအပ်ပါက ခရီးသည်လိုက်ပါစီးနင်းမှုအပေါ် မူတည်၍ ဝန်ကြီးဌာန အနေဖြင့် လေယာဉ်ငယ်များဝယ်ယူပြီး နယ်လေဆိပ်ရှိကွင်းတိုများသို့ ပျံသန်းပြေးဆွဲ သွားမည့်အစီအစဉ်ရှိပါကြောင်း**ဖြင့် ဖြေကြားသည်။

ရန်ကင်းမဲဆန္ဒနယ်မှ ဦးသာဝင်း၏ **ပို့ဆောင်ရေးဝန်ကြီးဌာန ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက စစ်ဆေးလျက်ရှိသော ရေကြောင်းဘက်ဆိုင်ရာ စာမေးပွဲစစ်ဆေးမှုများအား စာမေးပွဲကျင်းပသည့် အကြိမ်အရေအတွက် တိုးမြှင့်ရန် ရှိ/မရှိ၊ စစ်ဆေးမည့်နည်းလမ်းများ ပြုပြင်ပြောင်းလဲရန် ရှိ/မရှိနှင့် စာမေးပွဲများ၌ အောင်မြင်သည့်ရာခိုင်နှုန်းတိုးတက်လာစေရေးအတွက် ပြုပြင်ပြောင်းလဲမှုများပြုလုပ်ရန် အစီအစဉ်ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ပို့ဆောင်ရေးဝန်ကြီးဌာန လက်အောက်ရှိ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသည် ပင်လယ်ကူး သင်္ဘောသားများ လေ့ကျင့်ပေးခြင်း၊ လက်မှတ်ထုတ်ပေးခြင်းနှင့် အလုပ်အကိုင် ရှာဖွေခြင်းများအတွက် အဓိကတာဝန်ထမ်းဆောင်နေခြင်းဖြစ်ပါကြောင်း၊ ၉-၉-၂၀၁၁ ရက်နေ့တွင်ရရှိသော စာရင်းများအရ ပင်လယ်ကူးသင်္ဘောသား စုစုပေါင်း (၇၅၆၄၂)ဦး အား လက်မှတ်များထုတ်ပေးပြီးဖြစ်ပါကြောင်း၊ ၎င်းတို့အနက်(၂၇၂၂၇)ဦးမှာ အရာရှိ များဖြစ်ပြီး (၄၈၄၁၅)ဦးမှာ အခြားအဆင့်များဖြစ်ပါကြောင်း၊ အဆိုပါသင်္ဘောသားများ အနက် အရာရှိ(၇၁၅၀)ဦးနှင့် အခြားအဆင့် (၁၆၀၃၁)ဦး စုစုပေါင်း(၂၃၁၈၁)ဦးသည် ကမ္ဘာ့နိုင်ငံအသီးသီး၏ သင်္ဘောလိုင်းများပေါ်တွင် ယနေ့ တာဝန်ထမ်းဆောင်လျက် ရှိပါကြောင်း၊ ပင်လယ်ကူးသင်္ဘောသားများမွေးထုတ်ပေးရန်အတွက် ပို့ဆောင်ရေးဝန်ကြီး ဌာနမှ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်နှင့် မြန်မာနိုင်ငံကုန်သွယ်ရေကြောင်း ကောလိပ်ကျောင်း(၂) ကျောင်း တည်ထောင်ဖွင့်လှစ်ထားပါကြောင်း။

အခြားအဆင့် သင်္ဘောသားများအတွက် အစိုးရကျောင်း(၂)ကျောင်းနှင့် ပုဂ္ဂလိကကျောင်း(၇)ကျောင်း စုစုပေါင်း(၉)ကျောင်းဖွင့်လှစ်၍ ရေကြောင်းဘက်ဆိုင်ရာ သင်တန်းများကို ပို့ချလျက်ရှိပါကြောင်း၊ သင်္ဘောသားများ အဆင့်အလိုက်လေ့ကျင့် သင်ကြားပေးမှုကို ဘာသာရပ်အလိုက် ကျွမ်းကျင်သူနည်းပြများဖြင့် ပို့ချလေ့ကျင့်စေပြီး စာမေးပွဲစစ်ဆေးရေးစနစ်ကိုလည်း ရှင်းလင်းလွယ်ကူသောစနစ်ဖြင့် မေးခွန်းထုတ်ခြင်း၊ အမှတ်ပေးခြင်းများ ပြုလုပ်သွားရန်ညွှန်ကြားထားပြီးဖြစ်ပါကြောင်း၊ ပင်လယ်ကူး သင်္ဘောသားများအဆင့်တိုးမြှင့်ပေးရေးအတွက် စာမေးပွဲစစ်ဆေးမှုစနစ်မှာ အရာရှိများ အတွက် ကုန်းပတ်ဆိုင်ရာ (၁)နှစ်လျှင် (၂)ကြိမ်နှင့် အင်ဂျင်နီယာများအတွက် (၁)နှစ်လျှင်(၄)ကြိမ် ဖြစ်ပါကြောင်း၊ စနစ်သစ်အရ ခွင့်ပြုထားသော လေ့ကျင့်ရေး ကျောင်း (၉)ကျောင်းမှ သက်ဆိုင်ရာသင်တန်းပြီးဆုံးသည်နှင့် စာမေးပွဲကိုစစ်ဆေး၍ အောင်စာရင်းထုတ်ပြန်ကြေညာသွားမည်ဖြစ်ပါကြောင်း၊ စနစ်ဟောင်းကဲ့သို့(၁)နှစ်လျှင် (၂)ကြိမ်/(၄)ကြိမ်သတ်မှတ်မထားဘဲ တက်ရောက်သည့်သင်တန်း ပြီးဆုံးသည်နှင့် တစ်ပြိုင်နက် သင်တန်းကျောင်းများမှ စာမေးပွဲ အပြီးစစ်ဆေးပေးသွားမည် ဖြစ်ပါ ကြောင်း။

**သို့ဖြစ်၍ ပင်လယ်ကူးသင်္ဘောသားအရာရှိနှင့် အခြားအဆင့်များ အလုပ်အကိုင် ပိုမိုရရှိစေရေးအတွက် နိုင်ငံတော်အစိုးရပိုင်ကျောင်း(၂)ကျောင်းအပြင် ပုဂ္ဂလိက ကျောင်း(၇)ကျောင်းကိုပါ ရေကြောင်းဆိုင်ရာသင်တန်းများ ဖွင့်လှစ်ပို့ချခွင့်ပေးခြင်း၊ စာမေးပွဲစစ်ဆေးခြင်းစနစ်ကိုလည်း ရှင်းလင်းလွယ်ကူအောင် စီမံထားခြင်း၊ သက်ဆိုင်ရာ သင်္ဘောလိုင်းကိုယ်စားလှယ်များနှင့် တစ်လလျှင်တစ်ကြိမ် တွေ့ဆုံ ဆွေးနွေးခြင်းများ ပြုလုပ်ပေးလျက်ရှိပါကြောင်း**ဖြင့် ပြန်လည်ဖြေကြားသည်။

အဆိုဆွေးနွေးခြင်းကဏ္ဍတွင် စက်တင်ဘာ(၁၂)ရက်က တင်သွင်းခဲ့သော အမ်းမဲဆန္ဒနယ်မှ ဦးသိန်းဆွေ၏ **ဧရာဝတီမြစ်နှင့် ချင်းတွင်းမြစ် မြစ်ကြောင်းထိန်းသိမ်းရေး လုပ်ငန်းအား စီမံချက်ချမှတ်လုပ်ဆောင်ပေးရန်** အဆိုကို ဟုမ္မလင်း မဲဆန္ဒနယ်မှ ဦးအေး၊ ပြည်မဲဆန္ဒနယ်မှ ဦးဝင်းမြင့်၊ ကန်ကြီးထောင့်မဲဆန္ဒနယ်မှ ဦးကျော်ဝင်း၊ မိုးနဲမဲဆန္ဒနယ်မှ ဦးစိုင်းကျော်မြင့်၊ တနိုင်းမဲဆန္ဒနယ်မှ ဦးမျိုးဆွေတို့က ဆွေးနွေးရာတွင် ဧရာဝတီမြစ်နှင့်ချင်းတွင်းမြစ်တို့သည် နိုင်ငံ၏အဓိကအားထားရာ ရေလမ်းကြောင်းများ ဖြစ်ပါကြောင်းနှင့် မြစ်ကြောင်းပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကို ဆောင်ရွက်ပေးသင့်ပါ ကြောင်းဖြင့် ထောက်ခံဆွေးနွေးကြသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်က နွေ၊ မိုး၊ ဆောင်း ရာသီဥတု ပြောင်းလဲမှုဖြစ်စဉ်ကြောင့် လည်းကောင်း၊ ပုံမှန်မဟုတ်သော မိုးရွာသွန်းမှုဖြစ်စဉ်များကြောင့် လည်းကောင်း မြစ်ကမ်းပါးများတွင် ရေတိုက်စားကမ်းပြိုမှုအများအပြား နှစ်စဉ်ဖြစ်ပွားလျက်ရှိပါ ကြောင်း၊ ဧရာဝတီမြစ်၊ သံလွင်မြစ်၊ စစ်တောင်းမြစ်နှင့် ဝေန်မြစ် မြစ်ဝများမှတစ်ဆင့် မုတ္တမပင်လယ်အတွင်းသို့ စီးဝင်သောရေထုထည်ပမာဏမှာ ၁၉၇၁ခုနှစ်မှ ၁၉၈၀ ပြည့်နှစ်အထိ (၁၀)နှစ်ပျမ်းမျှ ကုဗပေသန်းပေါင်း (၁၈ဒသမ၈)သန်းရှိပြီး ၂၀၀၁ ခုနှစ်မှ ၂၀၁၀ ပြည့်နှစ်အထိ (၁၀)နှစ်ပျမ်းမျှ ကုဗပေသန်းပေါင်း (၂၁ဒသမ၇) သန်းရှိသဖြင့် နောက်ပိုင်း(၁၀)စုနှစ်တွင် မြစ်ရေစီးဆင်းမှုထုထည်ပမာဏပိုလာသည်ကို တွေ့ရှိရပါ ကြောင်း၊ တစ်နှစ်အတွင်း တစ်နိုင်ငံလုံးရရှိခဲ့သော မိုးရေထုထည် ကုဗပေသန်းပေါင်း (၅၈)သန်းအနက် ဧရာဝတီ၊ သံလွင်၊ စစ်တောင်း၊ ဝေန်နှင့် ရခိုင်ပြည်နယ်ရှိ မြစ်ဝများမှ တစ်ဆင့် မုတ္တမပင်လယ်အတွင်းသို့စီးဝင်သော ရေထုထည်ပမာဏမှာ ကုဗပေသန်း ပေါင်း(၂၂)သန်း ဖြစ်ပါကြောင်း၊ ၎င်းရေထုထည်သည် တစ်နိုင်ငံလုံးရရှိသည့် မိုးရေ ပမာဏ၏(၃၈)ရာခိုင်နှုန်းဖြစ်ပါကြောင်း၊ ကျန်ရေထုထည်၏ (၆၂)ရာခိုင်နှုန်း၊ ကုဗပေ သန်းပေါင်း(၃၆)သန်းသည် အငွေ့ပျံခြင်း၊ မြေထုအတွင်းသို့ စိမ့်ဝင်ခြင်းများ ဖြစ်ပေါ်ခဲ့ ပါကြောင်း။

**ရေလမ်းပြနှင့် မြစ်ကြောင်းများပြုပြင်ထိန်းသိမ်းရေးတာဝန် ထမ်းဆောင်ရန် ရေ အရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကို ၉-၄-၁၉၉၉ ရက် နေ့တွင် ဖွဲ့စည်းတည်ထောင်ခဲ့ပြီး ရေယာဉ်နှင့် ယန္တရား(၈၆)စီးတို့ဖြင့် ရေကြောင်း ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ၂၀၁၁ ခုနှစ်တွင် လေ့လာချက်များအရ ဗန်းမော်မှရန်ကုန်အထိ ဧရာဝတီမြစ်ရေလမ်းပိုင်းတွင် ရေကြောင်း ကျဉ်းမြောင်း ကျပ်တည်းသောနေရာ(၄၆)နေရာ၊ ခန္တီးမှ ဧရာဝတီမြစ်နှင့် ချင်းတွင်း မြစ်ဆုံအထိ ရေကြောင်းကျပ်တည်း နေရာပေါင်း (၃၇)နေရာရှိပြီး ဦးစားပေးနေရာ အလိုက်အဆင့်သတ်မှတ်ပြုပြင်ထိန်းသိမ်းဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ပါ ကြောင်း၊ ၂၀၀၁-၂၀၀၂ ဘဏ္ဍာရေးနှစ်မှစတင်၍ ဧရာဝတီမြစ်နှင့် ချင်းတွင်းမြစ်တို့တွင် ရေလမ်းကြောင်းကောင်းမွန်ရေးလုပ်ငန်း(၈၆)ခုနှင့် ကမ်းထိန်းကာကွယ်ရေးလုပ်ငန်း (၂၈)ခု စုစုပေါင်း (၁၁၄)ခုဆောင်ရွက်ခဲ့ပါကြောင်း။**

၂၀၁၁-၂၀၁၂ဘဏ္ဍာရေးနှစ်တွင် ဧရာဝတီမြစ်နှင့် ချင်းတွင်းမြစ်တို့၌ ရေလမ်းကြောင်းကောင်းမွန်ရေး လုပ်ငန်း(၅)ခုအတွက် ခန့်မှန်းကုန်ကျစရိတ် ကျပ်သန်း ပေါင်း (၆၀၀ ဒသမ ၁)နှင့် မြစ်ကမ်းထိန်းကာကွယ်ရေးလုပ်ငန်း (၅)ခုအတွက် ခန့်မှန်း ကုန်ကျစရိတ် ကျပ်သန်းပေါင်း (၁၇၃ ဒသမ ၇) ကျခံဆောင်ရွက်ရန် လျာထားပြီး စုစုပေါင်း ခန့်မှန်းကုန်ကျစရိတ်မှာ ကျပ်သန်းပေါင်း(၇၇၃ ဒသမ ၈)ဖြစ်ပါကြောင်း၊ ယင်းကဲ့သို့ လုပ်ငန်းများဆောင်ရွက်ခဲ့သော်လည်း လိုအပ်ချက်များရှိနေပါသဖြင့် ယခင်ရေးဆွဲပြီး ဧရာဝတီမြစ်နှင့် ချင်းတွင်းမြစ်ပြုပြင်ထိန်းသိမ်းရေး ပင်မစီမံချက်အားပြောင်းလဲလာသော မြစ်ကြောင်းအခြေအနေအပေါ် မူတည်၍ ပြင်ဆင်ရေးဆွဲရန် အချက်အလက်များ စုဆောင်းကာ သုတေသနပြု ဆောင်ရွက်လျက်ရှိပါကြောင်း။

**ဧရာဝတီမြစ်တစ်လျှောက် လုံလောက်သော ရေအနက်ရရှိစေရန် ရေလမ်းကြောင်း ပြုပြင်ထိန်းသိမ်းရေးအတွက် ခန့်မှန်းကုန်ကျစရိတ်မှာ ကျပ်သန်း (၄၇၉၀၄ ဒသမ ၈၇) ဖြစ်ပါကြောင်း၊ ချင်းတွင်းမြစ်တစ်လျှောက် ရေအနက်လုံလောက်မှုရှိစေရန် ပြုပြင် ထိန်းသိမ်းရေးအတွက် ခန့်မှန်းကုန်ကျစရိတ်မှာ ကျပ်သန်းပေါင်း (၁၈၄၄၅ ဒသမ ၈၂) ဖြစ်ပါကြောင်း၊ နိုင်ငံတော်အတွက် ဝန်ထုပ်ဝန်ပိုးမဖြစ်စေရန် နိုင်ငံခြားတိုင်းပြည်များ အထူးသဖြင့် တရုတ်နှင့် ကိုရီးယားနိုင်ငံတို့မှ နည်းပညာအကူအညီရယူပြီး ငွေကုန် ကြေးကျအနည်းဆုံးဖြင့် မြစ်ကြောင်းထိန်းသိမ်းရေးလုပ်ငန်းကို ဆောင်ရွက်သွားရန်နှင့် လိုအပ်ပါက တိုင်းရင်းသားပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက် သွားရန် အစီအစဉ်ရှိပါကြောင်း**ဖြင့် ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

အဆိုရှင် ဦးသိန်းဆွေ၏အဆိုကို လွှတ်တော်က အတည်ပြုကြောင်း ဆုံးဖြတ် သည်။

ဩဂုတ် ၂၉ ရက်တွင်တင်သွင်းပြီး လွှတ်တော်ကစဉ်းစားရန် ဆုံးဖြတ်ထားသည့် **ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေကြမ်း** နှင့်စပ်လျဉ်း၍ လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာတွင်ပါဝင်သည့် ပြင်ဆင်ချက်အချို့နှင့် စက်တင်ဘာ(၁၀)ရက်အထိ လွှတ်တော်ကိုယ်စားလှယ်များပေးပို့ထားသည့် ပြင်ဆင်ချက် များအပေါ် အခြေခံပြီး ဆွေးနွေးအတည်ပြုခြင်းဆောင်ရွက်သည်။

ဥပဒေကြမ်း၏ အခန်း(၁)နှင့်အခန်း(၂)တွင် ပါဝင်သည့် အပိုဒ် ၁ မှ ၄ အထိ ပြင်ဆင်ချက်မရှိသဖြင့် အတည်ပြုရန် အဆိုတင်သွင်းရာ 'အခန်း(၁)၊ အပိုဒ် ၁၊ အပိုဒ် ၂ နှင့် အခန်း(၂)၊ အပိုဒ်၃၊ အပိုဒ် ၄ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သင့် သည်'အဆိုကို သဘောမတူသူမရှိသည့်အတွက် အဆိုအတည်ဖြစ်ကြောင်းဆုံးဖြတ် သည်။

"အခန်း(၃)ခေါင်းစဉ်နှင့် အပိုဒ် ၅ သည် ဤဥပဒေကြမ်း၏အစိတ်အပိုင်းဖြစ်သင့် သည်" အဆိုနှင့်စပ်လျဉ်း၍ သဃ်န်းကျွန်းမဲဆန္ဒနယ်မှ ဦးသိန်းညွန့်က ပြင်ဆင်ချက် အဆိုတင်သွင်းရာ လွှတ်တော်ကိုယ်စားလှယ်(၁)ဦးက ထောက်ခံသည်။

"အခန်း(၃)ခေါင်းစဉ်အား **ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး တွင် ပြည့်စုံရမည့် အရည်အချင်းများ** အစား **ရွေးချယ်ခန့်အပ်တာဝန်ပေးအပ်ခြင်း** ဟု ပြင်ဆင်ပြီး မူလပြဋ္ဌာန်းချက် အပိုဒ် ၅နှင့် အပိုဒ်ခွဲ(က)မှ(ည)အထိ အချက်များအစား **မိမိအမြဲနေထိုင်သော ရပ်ကွက် သို့မဟုတ် ကျေးရွာတွင် အုပ်ချုပ်ရေးမှူးအဖြစ် ခန့်အပ်လိုသူကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးချယ်ပိုင်ခွင့်ရှိသူတိုင်း ဤကိစ္စအလို့ငှာ ပြထားသည့်နည်းဥပဒေနှင့်အညီ ရွေးကောက်တင်မြှောက်စေရမည်။ ထိုသို့ ရွေးကောက်တင်မြှောက်ခြင်းခံရသူကို မြို့နယ်အုပ်ချုပ်ရေးမှူးက ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်ချုပ်ရေးမှူးအဖြစ် ခန့်အပ်တာဝန်ပေးရမည်** ဟူသော အပိုဒ်ထည့်ရန်" အဆိုနှင့်စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရ၏ သဘောထားကိုမေးမြန်းရာ ပြည်ထဲရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုက ဥပဒေကြမ်း အခန်း(၄) တွင် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးခန့်အပ်တာဝန်ပေးခြင်းဟု သီးခြားဖော်ပြပြီးဖြစ်ပါကြောင်းနှင့် ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများ နှောင့်နှေးခြင်း၊ ရပ်ဆိုင်းသွားခြင်းများ ပေါ်ပေါက်နိုင်သည့်အတွက် ဆန္ဒမဲပေးရွေးကောက်ခြင်းအစား အရည်အချင်းနှင့်ပြည့်စုံသူများကို ရွေးချယ်ခြင်းနှင့် ခန့်ထားခြင်းကသာလျှင် ပိုမို၍ သင့်တော်မည် ဖြစ်ပါကြောင်းဖြင့် တင်ပြသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်၏အဆုံးအဖြတ်ရယူရာ ကန့်ကွက် အရေအတွက်များသည့်အတွက် ဦးသိန်းညွန့်၏ပြင်ဆင်ချက်အဆိုအတည်မဖြစ်ကြောင်း ဆုံးဖြတ်သည်။

"အပိုဒ် ၅၊ အပိုဒ်ခွဲ (က၊ ခ၊ ဂ၊ ဆ၊ ဇ နှင့်ည)တို့သည် ဤဥပဒေကြမ်း၏ အစိတ် အပိုင်းဖြစ်သင့်သည်" အဆိုကို လွှတ်တော်က သဘောမတူသူမရှိသည့်အတွက် အဆို အတည်ဖြစ်ကြောင်း ဆုံးဖြတ်သည်။

ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဩဂုတ်(၂၉)ရက်က ဖတ်ကြားရှင်းလင်းခဲ့သည့် လွှတ်တော်ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာတွင် မူလပြဋ္ဌာန်းချက်အပိုဒ် ၅၊ အပိုဒ်ခွဲ (ဃ)ပါ **"စီးပွားရေးအခြေခံရှိသူဖြစ်ခြင်း"** ဆိုသည့် စကားရပ်အစား **"စားဝတ်နေရေး ဖူလုံမှုရှိသူဖြစ်ခြင်း"**ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ မူလပြဋ္ဌာန်းချက် အပိုဒ်ခွဲ (စ)ပါ **"ရပ်ကွက်က ကြည်ညိုလေးစားခြင်းခံရပြီး ဩဇာတိက္ကမနှင့် သိက္ခာသမာဓိရှိသူ ဖြစ်ခြင်း"**ဆိုသည့် စကားရပ်အစား **"ရပ်ကွက်ကကြည်ညိုလေးစားပြီး သိက္ခာသမာဓိ ရှိသူဖြစ်ခြင်း"**ဟူသော စကားရပ်ဖြင့်လည်းကောင်း အစားထိုးသုံးနှုန်းသင့်ကြောင်း တင်ပြ ထားသည့်အတွက် ပြည်ထောင်စုအစိုးရ၏ သဘောထားကိုမေးမြန်းရာ ပြည်ထောင်စု ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုက တင်ပြရန်မရှိကြောင်းဖြင့် တင်ပြသည်။

"အပိုဒ် ၅၊ အပိုဒ်ခွဲ(ဃ)ပါ **စီးပွားရေးအခြေခံရှိသူဖြစ်ခြင်း** ဆိုသည့် စကားရပ်အစား **စားဝတ်နေရေး ဖူလုံမှုရှိသူဖြစ်ခြင်း** ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ်ခွဲ (စ)ပါ **ရပ်ကွက်ကကြည်ညိုလေးစားခြင်းခံရပြီး ဩဇာတိက္ကမနှင့်သိက္ခာသမာဓိရှိသူဖြစ်ခြင်း** ဆိုသည့် စကားရပ်အစား **ရပ်ကွက်ကကြည်ညိုလေးစားပြီး သိက္ခာသမာဓိရှိသူဖြစ်ခြင်း** ဟူသော စကားရပ်ဖြင့်လည်းကောင်း အစားထိုးရန်" အဆိုကိုလွှတ်တော်က သဘောမတူသူ မရှိသည့်အတွက် အဆိုအတည်ဖြစ်ကြောင်းဆုံးဖြတ်သည်။

"အပိုဒ် ၅၊ အပိုဒ်ခွဲ(င)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သင့်သည်" အဆိုနှင့်စပ်လျဉ်း၍ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးလေးနိုင်က ပြင်ဆင်ချက် အဆိုတင်သွင်းဆွေးနွေးရာ လွှတ်တော်ကိုယ်စားလှယ်(၁)ဦးက ထောက်ခံသည်။

"အပိုဒ် ၅၊ အပိုဒ်ခွဲ(င)ပါ မူလပြဋ္ဌာန်းချက်အစား **သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း တစ်ဆက်တည်းအနည်းဆုံး (၁၀)နှစ်နေထိုင်လျက်ရှိပြီး လက်ရှိတာဝန်ထမ်းဆောင်ချိန်တွင် သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုတွင် အမှန်တကယ်နေထိုင်မည့်သူဖြစ်ခြင်း** ဟူသော ပြဋ္ဌာန်းချက်ကို အစားထိုးရန်"အဆိုနှင့် စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရ၏ သဘောထားကိုမေးမြန်းရာ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုက တင်ပြရန်မရှိကြောင်းဖြင့်တင်ပြသည်။

"အပိုဒ် ၅၊ အပိုဒ်ခွဲ(င)သည် ပြင်ဆင်ထားသည့်အတိုင်း ဤဥပဒေကြမ်း၏ အစိတ် အပိုင်းဖြစ်သင့်သည်"အဆိုကို လွှတ်တော်က သဘောမတူသူမရှိသည့်အတွက် အဆို အတည်ဖြစ်ကြောင်းဆုံးဖြတ်သည်။

"အပိုဒ် ၅၊ အပိုဒ်ခွဲ(ဆ)နှင့်(ဇ)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သင့် သည်"အဆိုကို လွှတ်တော်က သဘောမတူသူမရှိသည့်အတွက် အဆိုအတည်ဖြစ် ကြောင်း ဆုံးဖြတ်သည်။

"အပိုဒ် ၅၊ အပိုဒ်ခွဲ(ဈ)သည် ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်သင့်သည်" အဆိုနှင့် စပ်လျဉ်း၍ ယင်းမာပင်မဲဆန္ဒနယ်မှ ဦးသောင်းဟန်က ပြင်ဆင်ချက်အဆိုတင်သွင်းပြီး လွှတ်တော်ကိုယ်စားလှယ်(၁)ဦးက ထောက်ခံသည်။

"အပိုဒ် ၅၊ အပိုဒ်ခွဲ(ဈ)ပါ မူလပြဋ္ဌာန်းချက်စာသား၏ ရှေ့တွင် **အတူနေ** ဟူသော စကားရပ်ထည့်ရန်" အဆိုနှင့်စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရ၏ သဘောထားကို မေးမြန်းရာ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုက မိသားစုဝင်များဆိုရာတွင် တစ်အိမ်တည်းအတူနေသူ ဆွေမျိုးမိသားစုများကို ရည်ရွယ်ပြဋ္ဌာန်းခြင်းဖြစ်ပါကြောင်း ဖြင့် တင်ပြသည်။

အဆိုရှင်ဦးသောင်းဟန်၏အဆိုနှင့်ပတ်သက်၍ လွှတ်တော်၏အဆုံးအဖြတ်ရယူ ရာ ထောက်ခံသူဦးရေများသည့်အတွက် ပြင်ဆင်ချက်အဆို အတည်ဖြစ်ကြောင်း ဆုံးဖြတ်သည်။

သို့ဖြစ်၍"အပိုဒ် ၅၊ အပိုဒ်ခွဲ(ဈ)သည် ပြင်ဆင်ထားသည့်အတိုင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်သည်"အဆိုကို လွှတ်တော်က သဘောမတူသူမရှိသည့်အတွက် အဆိုအတည်ဖြစ်ကြောင်း ဆုံးဖြတ်သည်။

"အပိုဒ် ၅၊ အပိုဒ်ခွဲ(က)မှ(ည)အထိသည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သင့် သည်"အဆိုနှင့် စပ်လျဉ်း၍ သိန္နီမဲဆန္ဒနယ်မှ ဦးစိုင်းဝင်းခိုင်က ပြင်ဆင်ချက်အဆို တင်သွင်းပြီး လွှတ်တော်ကိုယ်စားလှယ်(၁) ဦးက ထောက်ခံသည်။

"အပိုဒ် ၅တွင် **(ဋ)လက်နက်ကိုင်အဖွဲ့အစည်းဝင်မဟုတ်ခြင်း** ဟူသော အပိုဒ်ခွဲတစ်ခုထပ်မံဖြည့်စွက်ရန်" အဆိုနှင့်စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရ၏ သဘောထားကိုမေးမြန်းရာ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုက တင်ပြရန် မရှိကြောင်းဖြင့်တင်ပြသည်။

"အပိုဒ် ၅၊ အပိုဒ်ခွဲ(က)မှ(ဋ)အထိသည် ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်သင့်သည်" အဆိုကို လွှတ်တော်က သဘောမတူသူမရှိသည့်အတွက် အဆိုအတည်ဖြစ်ကြောင်း ဆုံးဖြတ်သည်။

ဆက်လက်၍ ရွာငံမဲဆန္ဒနယ်မှ ဦးအောင်သိန်းက အပိုဒ် ၆ ကို ပြင်ဆင်ချက် အဆိုတင်သွင်းရာ လွှတ်တော်ကိုယ်စားလှယ်(၁)ဦးက ထောက်ခံသည်။

"အပိုဒ် ၆ မူလပြဋ္ဌာန်းချက်အစား **မြို့နယ်အုပ်ချုပ်ရေးမှူးသည် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရွေးချယ်ရာတွင် ကြီးကြပ်နိုင်ရန်အတွက် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်းရှိ အများကကြည်ညိုလေးစားပြီး သင့်လျော်သည့် ရပ်မိရပ်ဖ (၅)ဦးကို မြို့နယ်အတွင်းရှိ လွှတ်တော်ကိုယ်စားလှယ်များနှင့် ညှိနှိုင်းတိုင်ပင်ရွေးချယ်၍ ကြီးကြပ်ရေးအဖွဲ့အဖြစ် တာဝန်ပေးအပ်ရမည်** ဟူသော စာပိုဒ်အစားထိုးရန်" အဆိုနှင့် စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရ၏ သဘောထားကိုမေးမြန်းရာ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုက လွှတ်တော်ကိုယ်စားလှယ်များသည် ပါတီစုံမှကိုယ်စားလှယ် များ ဖြစ်ပါသဖြင့် အများကြည်ညိုလေးစားပြီး ဩဇာတိက္ကမ ရှိသည့် ရပ်မိရပ်ဖငါးဦးနှင့် ကြီးကြပ်ရေးအဖွဲ့ကို ဖွဲ့စည်းဆောင်ရွက်ခြင်းဖြင့် ပါတီဘက်လိုက်မှုကင်းရှင်းမည်ဖြစ်ပါ ကြောင်းဖြင့် တင်ပြသည်။

အဆိုရှင် ဦးအောင်သိန်းက ပုဂ္ဂိုလ်စွဲ၊ ပါတီစွဲ၊ ဂိုဏ်းဂဏစွဲမထားဘဲ ဆောင်ရွက် ပါက မိမိဒေသအကျိုးကို ဆောင်ရွက်မည့်သူများဖြစ်လာမည်ဟု ယုံကြည်ပါကြောင်း တင်ပြသည့်အတွက် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ ကန့်ကွက်သူများသည့်အတွက် ဦးအောင်သိန်း၏ ပြင်ဆင်ချက်အဆို အတည်မဖြစ်ကြောင်းဆုံးဖြတ်သည်။

အပိုဒ် ၆ကိုအတည်ပြုနိုင်ရန် အဆိုထပ်မံတင်သွင်းရာ "အပိုဒ် ၆ သည် မူလ ပြဋ္ဌာန်းထားသည့်အတိုင်း ဥပဒေကြမ်း၏အစိတ်အပိုင်းဖြစ်သင့်သည်" အဆိုကို လွှတ်တော်က သဘောမတူသူမရှိသည့်အတွက် အတည်ပြုကြောင်းဆုံးဖြတ်သည်။

အပိုဒ် ၇ နှင့် စပ်လျဉ်း၍ ပြင်ဆင်ချက် အဆိုတင်သွင်းရန် အမည်စာရင်း တင်သွင်းထားသည့် ရွာငံမဲဆန္ဒနယ်မှ ဦးအောင်သိန်းနှင့် ကျောက်မဲ မဲဆန္ဒနယ်မှ ဦးဆောင်ဆီတို့က ၎င်းတို့၏ ပြင်ဆင်ချက်အဆိုများကို ပြန်လည်ရုပ်သိမ်းလိုကြောင်း တင်ပြသဖြင့် အပိုဒ် ၇၊ အပိုဒ်ခွဲ(က)မှ(ခ)အထိ ပြည်ထောင်စုအစိုးရအဖွဲ့က တင်ပြသည့် မူလပြဋ္ဌာန်းချက်များအတိုင်း အတည်ပြုကြောင်းဆုံးဖြတ်သည်။

ရွှေကျင်မဲဆန္ဒနယ်မှ ဦးတင်ထွန်းက အပိုဒ် ၇၊ အပိုဒ်ခွဲ(ဂ) အတွက် ပြင်ဆင်ချက် အဆိုတင်သွင်းပြီး လွှတ်တော်ကိုယ်စားလှယ်(၁)ဦးက ထောက်ခံသည်။

"အပိုဒ် ၇၊ အပိုဒ်ခွဲ(ဂ)မူလပြဋ္ဌာန်းချက်အဆုံးတွင် **မြို့နယ်အုပ်ချုပ်ရေးမှူးသည် ကြီးကြပ်ရေးအဖွဲ့ကတင်ပြသော အမည်စာရင်းပါပုဂ္ဂိုလ်ကို သက်ဆိုင်ရာ ပြည်နယ်/ တိုင်းဒေသကြီးအစိုးရအဖွဲ့က ဖွဲ့စည်းပေးထားသော မြို့နယ်ရွေးချယ်စိစစ်ရေးအဖွဲ့နှင့် စိစစ်ရွေးချယ်ပြီး ပြည့်စုံပါက ခရိုင်အုပ်ချုပ်ရေးမှူးထံတင်ပြရမည်။** ဟူသော စာပိုဒ် ဖြည့်စွက်ရန်" အဆိုနှင့်စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရ၏ သဘောထားကို မေးမြန်းရာ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုက သက်ဆိုင်ရာခရိုင်အုပ်ချုပ်ရေးမှူးသည် ပြည်သူလူထု၏ဆန္ဒရယူပြီး သက်ဆိုင်ရာဒေသအစိုးရအဖွဲ့၏ သဘောထားနှင့်အညီ ဆောင်ရွက်ရန် မူလကပင် တာဝန်ရှိသူဖြစ်ပါကြောင်းဖြင့်တင်ပြသည်။

အဆိုရှင်ဦးတင်ထွန်းက မိမိ၏အဆိုကို ဒီမိုကရေစီဖော်ဆောင်ရာရောက်သည့် check and balance သဘောဖြင့်တင်သွင်းခြင်းဖြစ်ပါကြောင်း တင်ပြသည့်အတွက် လွှတ်တော်၏အဆုံးအဖြတ်ရယူရာ ကန့်ကွက်သူ များသည့်အတွက် ဦးတင်ထွန်း၏ ပြင်ဆင်ချက်အဆို အတည်မဖြစ်ကြောင်း ဆုံးဖြတ်သည်။

အပိုဒ် ၇၊ အပိုဒ်ခွဲ(ဂ)ပါ မူလပြဋ္ဌာန်းချက်အစား **ဆယ်အိမ်စုတစ်စုတွင် ပါဝင်သော သက်ဆိုင်ရာ အိမ်ထောင်ဦးစီးများက မိမိတို့ဆယ်အိမ်စုတွင် နေထိုင်သူများအနက်မှ သတ်မှတ်အရည်အချင်းများနှင့်ပြည့်စုံသည့် ပုဂ္ဂိုလ်တစ်ဦးအား လျှို့ဝှက်ဆန္ဒမဲပေး၍ ရွေးချယ်ခြင်းခံရသူ၏အမည်စာရင်းနှင့် ကိုယ်ရေးအချက်အလက်တို့ကို တင်ပြစေရမည်** ဟူ၍ စာပိုဒ်အစားထိုးရန် ဥပဒေကြမ်းကော်မတီက တင်ပြထားသည့်အတွက် လွှတ်တော်က အတည်ပြုကြောင်း ဆုံးဖြတ်သည်။

ယနေ့ ဆွေးနွေးအတည်ပြုသည့်**"ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေး ဥပဒေကြမ်း"** နှင့်စပ်လျဉ်း၍ ဆွေးနွေးအတည်ပြုရန် ကျန်ရှိသည့်အပိုဒ်များကို ပြင်ဆင်ချက် အဆိုတင်သွင်းထားသည့် တစ်ပိုဒ်ချင်းစီအလိုက် စက်တင်ဘာ(၁၆)ရက်တွင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

ဒုတိယပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့ကို ညနေ ၃ နာရီ မိနစ် ၅၀ တွင် ရပ်နားပြီး အစည်းအဝေး (၁၉)ရက်မြောက်နေ့ကို စက်တင်ဘာ ၁၆ ရက် နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်သည်။

(သတင်းစဉ်)

## ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် ဘိလပ်မြေစက်ရုံကြီးလေးရုံ ဆောက်လုပ်နေ

**နေပြည်တော် စက်တင်ဘာ ၁၄**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လောင်းမြို့နယ် တီကျစ်၌ ပတ္တမြားနဂါးဘိလပ်မြေစက်ရုံကြီးသည် တစ်နေ့လျှင် တန် ၈၀၀ ကျ ဘိလပ်မြေ(အစိုနည်းစဉ်)ဖြင့် အရှိန်အဟုန်မြှင့် ထုတ်လုပ်လျက်ရှိသည်။

ဟိုပုံးမြို့နယ် ပင်းပက်ဒေသတွင် ကမ္ဘောဇမှ တစ်နေ့လျှင် တန် ၁၀၀၀ ကျ(အခြောက်နည်းစဉ်)ဖြင့်လည်းကောင်း၊ ပင်လောင်းမြို့နယ် နောင်တရားဒေသတွင် ပင်းအနော်ရထာကုမ္ပဏီမှ တစ်နေ့လျှင် တန် ၁၀၀၀ ကျ (အခြောက်နည်းစဉ်)ဖြင့်လည်းကောင်း ထုတ်လုပ်နိုင်ရန် အရှိန်အဟုန်ဖြင့် တည်ဆောက်လျက်ရှိသည်။

ကလောမြို့နယ် ကျောက်တံခါးဒေသတွင်လည်း Square Power Group Co.,Ltd. က တစ်နေ့လျှင် တန် ၁၀၀၀ မီးသင်းဖိုနှစ်လိုင်းဖြင့် စုစုပေါင်း တန်ချိန် ၂၀၀၀ ကျ ဘိလပ်မြေစက်ရုံကြီးအား တည်ဆောက်လျက်ရှိရာ ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ခြင်း၊ စက်ရုံအဝင်လမ်းပိုင်းပြုပြင်ခြင်း၊ စက်ရုံပတ်ဝန်းကျင်ရှိ ကျေးရွာများအား လျှပ်စစ်မီးနှင့် သောက်သုံးရေ လုံလောက်စွာပေးဝေနိုင်ရေးအတွက် စီမံကိန်းရေးဆွဲ၍ အရှိန်အဟုန်မြှင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ဘိလပ်မြေစက်ရုံများ တိုးပွားလာခြင်းဖြင့် လူနေမှုအဆင့်အတန်းမြင့်မားခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ခြင်းဖြင့် နိုင်ငံတော်သစ်တည်ဆောက်ရေးအတွက် ပိုမိုထိရောက်မည်ဖြစ်သည်။ (ကြေးမုံ)

## တစ်ပတ်ခန့်အတွင်း ဘိန်းခင်း သုံးကေကျော် ဖျက်ဆီးနိုင်

**ရန်ကုန် စက်တင်ဘာ ၁၄**

၂၀၁၀-၂၀၁၁ ဘိန်းစိုက်ရာသီအတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ဘိန်းခင်းစုစုပေါင်း ၁၇၄၄၀ ဒသမ၂၅ ဧက ( ၇၀၅၇ ဒသမ ၉၇ ဟက်တာ) ဖျက်ဆီးနိုင်ခဲ့ပြီးဖြစ်သည်။ ၂၀၁၁-၂၀၁၂ ဘိန်းစိုက်ရာသီအတွင်း ဘိန်းခင်းများကို ရှာဖွေဖျက်ဆီးလျက်ရှိရာ စက်တင်ဘာ ၁ ရက်မှ ၆ရက်အထိ ရှမ်းပြည်နယ် ပင်လောင်းမြို့နယ်အတွင်း ဘိန်းခင်း ၃ ဒသမ ၅ ဧက (၁ ဒသမ ၄၂ ဟက်တာ)ထပ်မံဖျက်ဆီးနိုင်ခဲ့သည်။ (ဝင်းဝင်းမော်-သတင်းစဉ်)

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင် ထိုင်းနိုင်ငံ ထိုင်းဘုရင့်ကြည်းတပ်ဦးစီးချုပ်ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် စက်တင်ဘာ ၁၄**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်သည် ထိုင်းနိုင်ငံ ထိုင်းဘုရင့်ကြည်းတပ်ဦးစီးချုပ် General Prayut Chan -O- Cha ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ယနေ့ နံနက် ၁၁ နာရီခွဲတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဒုတိယဗိုလ်ချုပ်ကြီးလှဌေးဝင်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးညဏ်ထွန်း၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ထိုင်းနိုင်ငံဆိုင်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သံရုံးမှစစ်သံမှူးတို့ တက်ရောက်ကြပြီး ထိုင်းဘုရင့်ကြည်းတပ်ဦးစီးချုပ် ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့နှင့်အတူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံသံရုံးမှ စစ်သံမှူးလည်း တက်ရောက်သည်။

ယင်းသို့ တွေ့ဆုံရာတွင် နှစ်နိုင်ငံတပ်မတော်များ ချစ်ကြည်ရင်းနှီးမှု မြှင့်တင်ရေး၊ နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းမှုရှိစေရန်နှင့် နှစ်နိုင်ငံတပ်မတော်နှစ်ရပ်ကြား ညှိနှိုင်းဆောင်ရွက်ရေး ကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

(သတင်းစဉ်)



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင် ထိုင်းနိုင်ငံ ထိုင်းဘုရင့်ကြည်းတပ်ဦးစီးချုပ် General Prayut Chan -O- Cha အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။**

(သတင်းစဉ်)



## လက်ခံတွေ့ဆုံ

**ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ထိုင်းနိုင်ငံ ထိုင်းဘုရင့်ကြည်းတပ်ဦးစီးချုပ် General Prayut Chan -O- Cha အား နေပြည်တော်ရှိ ဇေယျာသီရိဗိမာန် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။**

(သတင်းစဉ်)

# ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ထိုင်းနိုင်ငံ ထိုင်းဘုရင့်ကြည်းတပ်ဦးစီးချုပ် ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် စက်တင်ဘာ ၁၄**

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် ထိုင်းနိုင်ငံ ထိုင်းဘုရင့်ကြည်းတပ်ဦးစီးချုပ် General Prayut Chan-O - Cha ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ယနေ့ နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်အတူ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဒုတိယဗိုလ်ချုပ်ကြီးလှဌေးဝင်း၊ ဒုတိယဗိုလ်ချုပ်ကြီး အောင်သန်းထွဋ်၊ ဒုတိယဗိုလ်ချုပ်ကြီးသက်နိုင်ဝင်း၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်ဦး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံသံရုံးမှ စစ်သံမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ယင်းသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံတပ်မတော်အချင်းချင်း ချစ်ကြည်ရင်းနှီးစွာ အပြန်အလှန်ဆက်ဆံမှု ကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

(သတင်းစဉ်)

# ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ထိုင်းနိုင်ငံ ထိုင်းဘုရင့်ကြည်းတပ်ဦးစီးချုပ်အား ဂုဏ်ပြုကြိုဆို

**ဒုတိယ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းနှင့် ထိုင်းနိုင်ငံ ထိုင်းဘုရင့် ကြည်းတပ်ဦးစီးချုပ် General Prayut Chan -O- Cha တို့ ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးကြစဉ်။**

(သတင်းစဉ်)



**နေပြည်တော် စက်တင်ဘာ ၁၄**

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက ထိုင်းနိုင်ငံ ထိုင်းဘုရင့်ကြည်းတပ်ဦးစီးချုပ် General Prayut Chan -O- Cha ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ဂုဏ်ပြုကြိုဆိုသည့် အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ ကျင်းပသည်။

ထိုင်းဘုရင့်ကြည်းတပ်ဦးစီးချုပ်သည် ဂုဏ်ပြုကြိုဆိုပွဲ အခမ်းအနားသို့ တက်ရောက်ရန် ဇေယျာသီရိဗိမာန်သို့ မော်တော်ယာဉ်ဖြင့် ရောက်ရှိလာရာ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ခင်မင်ရင်းနှီးစွာ ကြိုဆိုနှုတ်ဆက်သည်။

ထို့နောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ထိုင်းဘုရင့်ကြည်းတပ် ဦးစီးချုပ်သည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူရန် အလေးပြုခံစင်မြင့်သို့ သွားရောက်ပြီး ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူသည်။

ယင်းနောက် ထိုင်းဘုရင့်ကြည်းတပ်ဦးစီးချုပ်သည် ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးသည်။

ထို့နောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား ထိုင်းဘုရင့် ကြည်းတပ်ဦးစီးချုပ်က ၎င်းနှင့်အတူ လိုက်ပါလာသည့် ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် မိတ်ဆက်ပေးပြီး ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကလည်း ၎င်းနှင့်အတူ ကြိုဆိုနှုတ်ဆက်ကြသည့် တပ်မတော်အရာရှိကြီးများနှင့် ပြန်လည်မိတ်ဆက်ပေးခဲ့ကြသည်။

(သတင်းစဉ်)

# ထိုင်းနိုင်ငံ ထိုင်းဘုရင့်ကြည်းတပ်ဦးစီးချုပ် General Prayut Chan-O- Cha နှင့်ဇနီး ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ နေပြည်တော်သို့ရောက်ရှိ

**နေပြည်တော် စက်တင်ဘာ ၁၄**

ထိုင်းနိုင်ငံ ထိုင်းဘုရင့်ကြည်းတပ်ဦးစီးချုပ် General Prayut Chan-O-Cha နှင့်ဇနီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ နံနက် ၉ နာရီခွဲတွင် ထိုင်းဘုရင့်တပ်မတော်အထူးလေယာဉ်ဖြင့် နေပြည်တော်သို့ ရောက်ရှိကြရာ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်အေးနှင့် ဇနီးတို့က နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ထိုင်းဘုရင့်ကြည်းတပ်ဦးစီးချုပ်နှင့် ဇနီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ညနေ ၃ နာရီတွင် နေပြည်တော်ရှိ မြန်မာ့ကျောက်မျက်ရတနာပြတိုက်သို့ သွားရောက်ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။ ညနေပိုင်းတွင် ဧည့်သည်တော် ထိုင်းဘုရင့်ကြည်းတပ်ဦးစီးချုပ်နှင့်ဇနီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ဉပ္ပါတသန္တိစေတီတော်အား သွားရောက်ဖူးမြော်ကြည်ညိုကြပြီး ဆင်ဖြူရတနာဆောင်ရှိ ဆင်ဖြူတော်များအား ကြည့်ရှုလေ့လာကြသည်။

(သတင်းစဉ်)

## အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၁၄-၉-၂၀၁၁

| ငွေကြေးစနစ် | တစ်ဒေါ်လာလျှင်ယူနစ် | တစ်ယူနစ်လျှင်ဒေါ်လာ |
|---|---|---|
| ထိုင်း (ဘတ်) | ၃၀. ၂၈၁၇ | ၀. ၀၃၃၀၂ |
| တရုတ် (ယွမ်) | ၆. ၃၉၇၉၉ | ၀. ၁၅၆၃၀ |
| အိန္ဒိယ (ရူပီး) | ၄၇. ၅၈၀၀ | ၀. ၀၂၁၀၂ |
| မလေးရှား (ရင်းဂစ်) | ၃. ၀၇၀၀ | ၀. ၃၂၄၉၉ |
| စင်ကာပူ (ဒေါ်လာ) | ၁. ၂၄၄၆၈ | ၀. ၈၀၃၄၂ |
| ဂျပန် (ယန်း) | ၇၆. ၇၅၂၉ | ၀. ၀၁၃၀၃ |
| တောင်ကိုရီးယား(ဝမ်) | ၁၁၀၅. ၉၃ | ၀. ၀၀၀၉၀ |
| ယူရို | ၀. ၇၂၉၃၁ | ၁. ၃၇၁၁၇ |
| ဗြိတိသျှ (ပေါင်) | ၀. ၆၃၃၂၀ | ၁. ၅၇၉၂၈ |

*အင်တာနက်။*

**သေး၍ အရေးကြီးလူနာများမှာ ရန်ကုန်မြို့သို့သွားရောက် ငွေကုန်ကြေးကျခံ၍ ဆေးကုသခံနေရသဖြင့် အထူးကုဆရာဝန်ကြီးများ ခေတ်မီရောဂါစစ်ဆေးသော စက်များ ဖြည့်တင်းပေးရန် အစီအစဉ် ရှိ/မရှိ”** မေးခွန်းနှင့်စပ်လျဉ်း၍ စစ်တွေမြို့ ပြည်သူ့ဆေးရုံကြီးတွင် ဆေးရုံအုပ်ကြီး(၁)ဦး၊ လက်ထောက်ဆေးရုံအုပ်(၁)ဦး၊ အထူးကုဆရာဝန်ကြီး (ဆေးပညာ/ ခွဲစိတ်/ကလေး/ အရိုး)စုစုပေါင်း(၄)ဦး၊ အထူးကုဆရာဝန်(သားဖွားမီးယပ်/မျက်စိ/နား၊ နှာခေါင်း၊ လည်ချောင်း/ ဓာတ်မှန်/ရောဂါဗေဒ)စုစုပေါင်း(၅)ဦး၊ လက်ထောက်ဆရာဝန်(ကလေး/ခွဲစိတ်/ သားဖွားမီးယပ်/မေ့ဆေး/အရိုး)စုစုပေါင်း(၅)ဦး၊ လက်ထောက်ဆရာဝန်(၁၃)ဦးနှင့် သွားဘက်ဆိုင်ရာ ဆရာဝန်(၁)ဦးတို့ လက်ရှိတာဝန်ထမ်းဆောင်လျက်ရှိပြီး လုပ်ငန်းလိုအပ်ချက်ရှိပါက လစ်လပ်လျက်ရှိသော အထူးကုဆရာဝန်များနှင့် လက်ထောက်ဆရာဝန်တို့ကို ဖြည့်စွက်ခန့်ထားပေးမည်ဖြစ်ပါကြောင်း။

နှလုံးရောဂါအထူးကုနှင့် အသည်းအထူးကုဌာနများသည် ရန်ကုန်ပြည်သူ့ဆေးရုံကြီးနှင့် မန္တလေးပြည်သူ့ဆေးရုံကြီးများတွင်သာ ဖွဲ့စည်းပုံရှိပြီး စစ်တွေပြည်သူ့ဆေးရုံကြီးကဲ့သို့ တိုင်းဒေသကြီး/ ပြည်နယ်အဆင့် ဆေးရုံများတွင်မရှိသဖြင့် အဆိုပါဌာနများတွင် အသုံးပြုနိုင်သော ခေတ်မီစက်ပစ္စည်းကိရိယာများ ဖြည့်တင်းပေးရန် လောလောဆယ် အစီအစဉ်မရှိသေးပါကြောင်းဖြင့် ဖြေကြားသည်။

တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးလှစိုး၏ **“ပုလောမြို့နယ် ပြည်သူ့ဆေးရုံကို ၂၀၀၂ ခုနှစ် ဇူလိုင်လ ၁၁ ရက်နေ့တွင် ခုတင်(၅၀)ဆံ့ဆေးရုံအဖြစ် တိုးမြှင့်ဖွင့်လှစ်ခဲ့ပါကြောင်း၊ ယခုအချိန်တွင် ပုလောမြို့နယ်၏လူဦးရေ တိုးတက်လာသည်နှင့်အမျှ ဆေးကုသမှုခံယူမည့် လူနာ များပြားလာသည့်အတွက် ဆေးရုံဝင်းအတွင်း လက်ရှိအဆောက်အအုံများနှင့် မလုံလောက်ပါသဖြင့် ခုတင်(၁၀၀)ဆံ့ ဆေးရုံအဆင့်သို့ တိုးမြှင့်ပေးရန်အစီအစဉ် ရှိ /မရှိနှင့် မည်သည့်အချိန်တွင် တိုးမြှင့်ဖွင့်လှစ်ပေးမည်ကို သိရှိလိုပါကြောင်း”** မေးခွန်းနှင့်စပ်လျဉ်း၍ ပုလောမြို့နယ်တွင် ခုတင် (၅၀)ဆံ့ မြို့နယ်ဆေးရုံ(၁)ရုံ၊ (၁၆)ခုတင်ဆံ့ ပလတိုက်နယ်ဆေးရုံ၊ ပလောက်တိုက်နယ်ဆေးရုံ၊ မလိကျွန်း တိုက်နယ်ဆေးရုံ၊ ပြင်ဘုကြီးတိုက်နယ်ဆေးရုံနှင့် ကျောက်ကာတိုက်နယ်ဆေးရုံ၊ စုစုပေါင်း(၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံ(၅)ရုံ၊ မိခင်နှင့်ကလေးကျန်းမာရေးဌာန(၁)ခု၊ မြို့မကျန်းမာရေးဌာန(၁)ခု၊ ကျေးလက်ကျန်းမာရေးဌာန(၆)ခု၊ ကျေးလက်ကျန်းမာရေးဌာနခွဲ(၁၅)ခုတို့ဖြင့် ပြည်သူလူထုကို ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိပါကြောင်း။

ပုလောမြို့နယ် ခုတင် (၅၀)ဆံ့ဆေးရုံကို ဆရာဝန်(၆)ဦး၊ သွားဘက်ဆိုင်ရာ ဆရာဝန်(၁)ဦး၊ သူနာပြု(၁၄)ဦးအပါအဝင် ဝန်ထမ်း(၇၄)ဦးပါ ဖွဲ့စည်းပုံဖြင့် ဖွင့်လှစ်ဆောင်ရွက်လျက်ရှိပါကြောင်း။

လက်ရှိအခြေအနေတွင် ပုလောမြို့နယ် ခုတင် (၅၀)ဆံ့ဆေးရုံဖွဲ့စည်းပုံအရ ဆရာဝန်၊ သူနာပြု၊ ကျွမ်းကျင်ဝန်ထမ်းတို့ လစ်လပ်မှုမရှိဘဲ လစ်လပ်လျက်ရှိသော အထွေထွေဝန်ထမ်း(၃၇)ဦးတို့ကို ဖြည့်စွက်ခန့်ထားနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ဖြေကြားသည်။

ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌက ဦးမြည်မိုးက ပြည်သူ့လွှတ်တော်ကအတည်ပြုပြီးပေးပို့လာသော မြန်မာနိုင်ငံတော် အသေးစားငွေရေးကြေးရေးလုပ်ငန်း ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာနှင့်အတူ အဆိုကိုဖတ်ကြားတင်သွင်းသည်။

ယင်းဥပဒေကြမ်းကို ဆွေးနွေးမည့်လွှတ်တော်ကိုယ်စားလှယ်များရှိပါက ၂၀-၉-၂၀၁၁ ရက်နေ့ နောက်ဆုံးထား၍ အမည်စာရင်း တင်သွင်းကြရန် လွှတ်တော်က ကြေညာသည်။

ဆက်လက်၍ ဥပဒေကြမ်းကော်မတီအတွင်းရေးမှူး ဦးစံထွန်းက ပြည်သူ့လွှတ်တော်က အတည်ပြုပြီးပေးပို့လာသော ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာနှင့်အတူ အဆိုကို ဖတ်ကြားတင်သွင်းသည်။

ယင်းဥပဒေကြမ်းကို ဆွေးနွေးမည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက ၂၀-၉-၂၀၁၁ ရက်နေ့ နောက်ဆုံးထား၍ အမည်စာရင်းတင်သွင်းကြရန် လွှတ်တော်က ကြေညာသည်။



**ကရင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမင်းမျိုးတင့်လွင် မေးမြန်းစဉ်။** (သတင်းစဉ်)

ယမန်နေ့က မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအောင်ငြိမ်း တင်သွင်းထားသည့် **“ပြည်သူများ ဥပဒေနှင့်အညီ အေးချမ်းသာယာ စိတ်ချမ်းမြေ့စွာ၊ လူနေမှုဘဝလုံခြုံစွာ နေထိုင်နိုင်ရေးအတွက် တာဝန်ရှိသူအဆင့်ဆင့်တို့က ဥပဒေနှင့်အညီ ဆောင်ရွက် လုပ်ကိုင်နိုင်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း”** အဆိုကို လွှတ်တော်ကိုယ်စားလှယ်များ ဖြစ်ကြသည့် ဦးရှုမောင်၊ဦးတင်မောင်ဝင်း၊ ဦးလှသိန်း၊ ဒေါ်နန်းနီနီအေး၊ ဦးရဲမြင့်၊ ဦးစိုင်းဝင်းမောင်နှင့် ဦးဖေသောင်းတို့ကနိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်သစ်အဖြစ် တည်ဆောက်ရာတွင် ကောင်းမွန်သည့် အုပ်ချုပ်ရေးစနစ်နှင့် သန့်ရှင်းသည့် အစိုးရတွဲဖက်လျှင် အောင်မြင်နိုင်မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် နိုင်ငံတော်၏ တာဝန်ရှိသူအဆင့်ဆင့်အနေဖြင့် ကောင်းမွန်သောအုပ်ချုပ်ရေးစနစ် ပေါ်ပေါက်လာအောင် အလေးထားလုပ်ဆောင်သွားကြရမည်ဖြစ်ပါကြောင်း၊ ထို့အပြင် နိုင်ငံတော်သမ္မတကြီးကိုယ်တိုင် မိန့်ခွန်းပြောကြားပြီး နိုင်ငံတော်အစိုးရကလည်း လက်တွေ့ဆောင်ရွက်နေပြီ ဖြစ်ပါကြောင်း၊ တာဝန်ရှိသူအဆင့်ဆင့်တို့ကလည်း ဥပဒေနှင့်အညီ စတင်ကြိုးပမ်းဆောင်ရွက်နေပြီ ဖြစ်ပါကြောင်းဖြင့် ဆွေးနွေးကြသည်။

ထို့နောက် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်က နိုင်ငံတော်သမ္မတကြီး၏ လမ်းညွှန်ဩဝါဒဖြစ်သည့် ကောင်းမွန်သောအုပ်ချုပ်မှုစနစ် (Good Governance)၊ သန့်ရှင်းသောအစိုးရ (Clean Government)ဖြစ်ပေါ်စေရေးအတွက် နိုင်ငံတော်မှ ပြဋ္ဌာန်းထားသည့် ဥပဒေ၊ စည်းမျဉ်းစည်းကမ်းနှင့် ညွှန်ကြားချက်များကို တာဝန်ရှိသူအဆင့်ဆင့်တို့ကလိုက်နာဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိုသို့ လိုက်နာကျင့်သုံးရာတွင် ဝန်ထမ်းများလိုက်နာကျင့်သုံးရသည့် အခြေခံမူ၊ လုပ်ထုံးလုပ်နည်းနှင့် ကျင့်ဝတ်စည်းကမ်းများသာမက သီးခြားအမိန့်နှင့် ညွှန်ကြားချက်များထုတ်ပြန်လျက် ဝန်ကြီးဌာနအသီးသီးက ကြပ်မတ်ကွပ်ကဲဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည်သူလူထု နစ်နာမှုမရှိစေရန်အတွက်လည်း ဝန်ထမ်းများ၏ မမှန်မကန်ဆောင်ရွက်မှုများ၊ မကျေနပ်မှုများရှိပါက မည်သူမဆို တိုက်ရိုက်တိုင်ကြားနိုင်ကြောင်းကို ပြည်ထဲရေးဝန်ကြီးဌာနအနေနှင့် ၂၀၀၆ ခုနှစ်၊ နိုဝင်ဘာလ ၉ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် အတိအလင်း ထုတ်ပြန်ဆောင်ရွက်ခဲ့ပါကြောင်း။

**ဝန်ထမ်းများကို ဝန်ထမ်းစည်းမျဉ်းစည်းကမ်းအရ ဆောင်ရွက်စေရုံသာမက ကုလသမဂ္ဂ လူ့အခွင့်အရေး ကြေညာစာတမ်းတွင်ပါရှိသည့် “ပြည်သူလူထုကို နှိပ်စက်ခြင်းမပြုရန်၊ မတရားသဖြင့် ဖမ်းဆီးချုပ်နှောင်ခြင်းမပြုရန်” စသည့် ပြည်သူလူထုနှင့်ပတ်သက်သည့် လိုက်နာရန်အချက်များကိုလည်း ဆွေးနွေးခြင်း၊ ပို့ချခြင်း၊ စာအုပ်စာစောင်များဖြန့်ဝေခြင်းစသည့် နည်းလမ်းများဖြင့် လိုက်နာကျင့်သုံးဆောင်ရွက်စေခဲ့ပါကြောင်း။**

**တိုင်ကြားစာနှင့် အသနားခံစာများသည် ယေဘူယျအားဖြင့် အချို့အကျင့်ပျက်ဝန်ထမ်းများ၏ မသမာမှု၊ မလျော်မကန်ပြုကျင့်မှု၊ မလျော်ဩဇာသုံးမှု၊ အနိုင်ကျင့်ဗိုလ်ကျပြီး မတရားပြုကျင့်မှု၊ လာဘ်ပေးလာဘ်ယူပြုမှု စသည့်အချက်များကြောင့် ဆုံးရှုံးနစ်နာမှုများအပေါ် ကိုယ်တိုင်တွေ့ကြုံခံစားရရှိချက်နှင့် တွေ့မြင်ကြားသိရမှုများအရ ဖြစ်ပေါ်လာသည့် အကျိုးဆက်များသာဖြစ်ပါကြောင်း၊ အချို့ တိုင်ကြားစာနှင့် အသနားခံစာများ၌မူ ပြည်သူအချို့၏ ဥပဒေပိုင်းဆိုင်ရာ ဗဟုသုတ အားနည်းချက်ကို တွေ့ရှိရပါကြောင်း၊ အချို့တိုင်ကြားစာနှင့် အသနားခံစာများမှာမူ အစိုးရနှင့် တာဝန်ရှိသူများ၊ နိုင်ငံ့ဝန်ထမ်းများကို သိက္ခာကျဆင်းစေရန် မဟုတ်မမှန် လီဆယ်တိုင်ကြားခြင်းများဖြစ်သည်ကိုလည်း တွေ့ရှိရပါကြောင်း။**

ယခုအဆိုပြုတင်ပြလာသည့် ပြည်သူတို့၏တိုင်ကြားစာနှင့် အသနားခံစာဆိုင်ရာကော်မတီက စိစစ်တွေ့ရှိချက်အရ “တိုင်ကြားစာ၊ အသနားခံစာတို့သည် နိုင်ငံတော်အစိုးရဌာနဆိုင်ရာများနှင့် ပြည်သူတို့အကြား ပတ်သက်နေသည့်ကိစ္စရပ်တို့က အများဆုံးဖြစ်နေသည်” ဆိုသည်မှာ ကာလတိုအတွင်း ရရှိခဲ့သည့် အနည်းငယ်မျှသော တိုင်စာအရေအတွက်အပေါ် အခြေပြုမှုတည်ပြီး အလေးပေး သုံးသပ်ထားမှုသာဖြစ်ကြောင်းကို တွေ့ရှိရပါကြောင်း၊ မည်သို့ပင်ဖြစ်စေ နိုင်ငံတော်အစိုးရဌာနဆိုင်ရာများနှင့် ပတ်သက်သည့် ပြည်သူတို့၏တိုင်ကြားစာ၊ အသနားခံစာများသည် နိုင်ငံတော်ကထုတ်ပြန်ခဲ့ပြီးဖြစ်သည့် တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်နှင့် ညွှန်ကြားချက်များကို လိုက်နာရန် ပျက်ကွက်သူ ဝန်ထမ်းအချို့၏ ပုဂ္ဂိုလ်ရေးအားနည်းချက်ကြောင့်သာဖြစ်ကြောင်းကို တွေ့ရှိရပါကြောင်း၊ သို့ဖြစ်ပါ၍ နိုင်ငံတော်အစိုးရဌာနဆိုင်ရာများအနေနှင့် မိမိတို့ဌာနအလိုက် အားနည်းချက်ရှိသူ အကျင့်ပျက်ဝန်ထမ်းများကို ဝိုင်းဝန်းဖော်ထုတ်ပြီး ထိရောက်စွာ အရေးယူဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း။

**အစိုးရဌာနဆိုင်ရာများနှင့် ပြည်သူတို့အကြား၌ ဖြစ်ပေါ်တတ်သည့် အကျိတ်အခဲ မကျေနပ်ချက်များအပေါ် ပြည်သူတို့၏တိုင်ကြားစာ၊ အသနားခံစာများနှင့် ပတ်သက်၍ ဥပဒေကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရသည့် အဖွဲ့အစည်းများဖြစ်သော ပြည်ထောင်စုအစိုးရအဖွဲ့၊ ဝန်ကြီးဌာနများအနေဖြင့် ကာယကံရှင်များ နည်းတူဝေမျှခံစားနားလည်ပြီး တိုင်စာ၊ အသနားခံစာများကို စိစစ်အရေးယူ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ကောင်းမွန်သောအုပ်ချုပ်ရေးစနစ်၊ သန့်ရှင်းသောအစိုးရ ဖြစ်ပေါ်ရေးအတွက် အခြေခံလိုအပ်ချက်ဖြစ်သည့် ပြည်သူတစ်ဦးချင်းသည်လည်း ကောင်းဆိုးမှားမှန် ခွဲခြားသိပြီး အမှန်ကိုပြုပြင်ခြင်းတည်းဟူသော ကိုယ်ကျင့်တရား၊ အမျိုးသားရေးစရိုက်လက္ခဏာ (National Character) ကောင်းမွန်ရန်လိုအပ်ပါကြောင်း၊ ဤအခြေခံကောင်းများ ဆက်လက်ထွန်းကားပြန့်ပွားရေးအတွက် လေ့ကျင့်ပျိုးထောင်ထိန်းသိမ်းသွားရန်မှာ နိုင်ငံတော်အစိုးရနှင့် ပြည်သူတို့၏တာဝန်သာ ဖြစ်ပါကြောင်း။**

**နိုင်ငံတော်သမ္မတကြီးက ပြည်သူတို့၏ဘဝ ဥပဒေနှင့်အညီ အေးချမ်းသာယာ စိတ်ချမ်းမြေ့စွာဖြင့် လုံခြုံစွာနေထိုင်နိုင်ရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏ မူလအခွင့်အရေးများ မြှင့်တင်ရေးနှင့်ကာကွယ်ရေးတို့ကို ထိထိရောက်ရောက်ဆောင်ရွက်ရန်အတွက် အဖွဲ့ဝင်(၁၅)ဦး ပါဝင်သည့် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ကို ၂၀၁၁ ခုနှစ် ၊ စက်တင်ဘာလ ၅ ရက်နေ့တွင် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါကြောင်းနှင့် နိုင်ငံတော်အစိုးရကလည်း သမ္မတကြီး၏ လမ်းညွှန်ချက်အတိုင်း အလေးထားဆောင်ရွက်လျက်ရှိပါကြောင်း**ဖြင့် ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ယင်းအဆိုကို ပြည်ထဲရေးဝန်ကြီးဌာနအနေဖြင့်လည်းကောင်း၊ အစိုးရအဖွဲ့အနေဖြင့်လည်းကောင်း အင်တိုက်အားတိုက်ဆောင်ရွက်နေသော လုပ်ငန်းဖြစ်ကြောင်း ပေါ်လွင်ခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များအပေါ် သုံးသပ်ချက်အရ ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုအဖြစ် သတ်မှတ်ခြင်းမပြုဘဲ မေးခွန်းအဖြစ်သတ်မှတ်၍ ဆွေးနွေးချက်များနှင့် ဖြေကြားချက်များကို မှတ်တမ်းတင်ကြောင်း ဆုံးဖြတ်သည်။

ယမန်နေ့က ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဖုန်းမြင့်အောင် တင်သွင်းထားသည့် **“မတော်တဆထိခိုက်မှု အန္တရာယ်မှ ကြိုတင်ကာကွယ်နိုင်ရေးအတွက် ဘေးကင်းလုံခြုံရေး အရာရှိ (Safety Officer) ခန့်ထားနိုင်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း”** အဆိုကို လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမြင့်ကြည်က မတော်တဆထိခိုက်မှုအန္တရာယ်မှ ကြိုတင်ကာကွယ်နိုင်ရေးအတွက် ဥပဒေများနှင့်လုပ်ထုံးလုပ်နည်းများရှိပြီးဖြစ်ကြောင်း၊ သို့သော် ပြည်သူများအနေဖြင့် နားလည်မှုအားနည်းနေပါ၍ လက်တွေ့လိုက်နာဆောင်ရွက်ခြင်း မရှိသောကြောင့်သာ မတော်တဆ ဘေးအန္တရာယ်များနှင့် ကြုံတွေ့ရခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်သူများဥပဒေနှင့် လုပ်ထုံးလုပ်နည်းများကို နားလည်သဘောပေါက်အောင် ဆောင်ရွက်သင့်ပါကြောင်းဖြင့် ဆွေးနွေးသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာနတစ်ခုတည်းအနေဖြင့် ဆောင်ရွက်ရမည့် ကိစ္စမဟုတ်ဘဲ ပြည်သူလူထုတစ်ရပ်လုံးအနေဖြင့် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ရမည့်ကိစ္စဖြစ်၍ ဆိုင်းငံ့ထားရန် လွှတ်တော်က ဆုံးဖြတ်သည်။

ယင်းနောက် ပထမအကြိမ်အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့ကို ညနေ ၃ နာရီ ၅၅ မိနစ်တွင်ရပ်နားလိုက်ပြီး အစည်းအဝေး (၁၉)ရက်မြောက်နေ့ကို ၂၀၁၁ ခုနှစ် စက်တင်ဘာ ၁၆ ရက် သောကြာနေ့ နံနက် ၁၀ နာရီတွင် ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

ယနေ့အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်များမေးမြန်းသည့် မေးခွန်း(၁၀)ခုကို သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးများက ပြန်လည်ဖြေကြားခြင်း၊ ဥပဒေကြမ်း(၂)ခုတင်သွင်းခြင်း၊ ယမန်နေ့ကတင်သွင်းခဲ့သည့် အဆို(၂)ခုအနက် အဆို(၁)ခုကို မေးခွန်းအဖြစ် ပြောင်းလဲမှတ်တမ်းတင်ခြင်းနှင့် အဆို(၁)ခုကို ဆိုင်းငံ့ခြင်းတို့ ဆောင်ရွက်ခဲ့ကြောင်းသိရှိရသည်။ (သတင်းစဉ်)



မြန်မာနိုင်ငံကွန်ပျူတာပညာ ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်း မြန်မာနိုင်ငံ ကွန်ပျူတာပညာ ဖွံ့ဖြိုးရေးကောင်စီ အစည်းအဝေး၌ အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

# အသိပညာရှေ့ဆောင် စီးပွားရေးစနစ်ကို ဖော်ဆောင် စီးပွားရေးကဏ္ဍမြင့်မားတိုးတက်ရေးအတွက် အထောက်အကူဖြစ်မည်

**နေပြည်တော် စက်တင်ဘာ ၁၄**

တိုးတက်ပြောင်းလဲနေသည့် အဆင့်မြင့် နည်းပညာရပ်များကို တတ်ကျွမ်းနားလည်အောင်လေ့လာ၍ အသိပညာရှေ့ဆောင် စီးပွားရေးစနစ်ကိုဖော်ဆောင်ခြင်းအားဖြင့် နိုင်ငံတော်၏ စီးပွားရေးကဏ္ဍ မြင့်မားတိုးတက်ရေးအတွက် အထောက်အကူဖြစ်စေမည်ဖြစ်ကြောင်း၊ ယင်းနည်းပညာရပ်များနှင့်အညီ နိုင်ငံတကာအဆင့်မီ ကွန်ပျူတာနည်းပညာ အသုံးချမှုအခွင့်အလမ်းများကို ကြိုးပမ်းရှာဖွေဆောင်ရွက်သွားကြရန် လိုအပ်ကြောင်းဖြင့် စက်တင်ဘာ ၁၃ ရက် မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် မြန်မာနိုင်ငံ ကွန်ပျူတာပညာဖွံ့ဖြိုးရေးကောင်စီ အစည်းအဝေး၌ မြန်မာနိုင်ငံကွန်ပျူတာပညာ ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်း တက်ရောက်၍ အမှာစကား ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက ဆက်လက်ပြောကြားရာ၌ ယနေ့ကမ္ဘာ၌ အင်တာနက်အပါအဝင် ကွန်ပျူတာနည်းပညာများနေ့စဉ်နှင့်အမျှ ပြောင်းလဲတိုးတက်နေမှုကြောင့် သက်ဆိုင်ရာ နိုင်ငံအသီးသီး၏ ကဏ္ဍပေါင်းစုံတွင် အထောက်အကူဖြစ်စေပြီး ထိုနိုင်ငံရှိ ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာစေခဲ့သည်ကို တွေ့ရပါကြောင်း၊ မိမိတို့ နိုင်ငံအနေဖြင့်လည်း ယင်းကဲ့သို့ ဖြစ်လာနိုင်စေရန်အတွက် တာဝန်ရှိအဖွဲ့အစည်းများနှင့် ပုဂ္ဂလိကကဏ္ဍတို့ကျယ်ပြန့်စွာ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်းဖြင့် ပြောကြားသည်။

အစည်းအဝေးတွင် မြန်မာနိုင်ငံ ကွန်ပျူတာပညာ ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင့်လွင်က ကောင်စီ၏ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို လည်းကောင်း၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကိုကိုဦးက သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၌ ကွန်ပျူတာနည်းပညာရပ်များ သင်ကြားပြသပေးနေမှု အခြေအနေများကိုလည်းကောင်း၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကြူက ကွန်ပျူတာနည်းပညာကို အခြေခံပညာအဆင့်မှစ၍ သင်ကြားပေးနိုင်ရေးနှင့် စပ်လျဉ်း၍ လည်းကောင်း ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် တက်ရောက်လာကြသူများနှင့် ကွန်ပျူတာအသင်းဥက္ကဋ္ဌများက လက်ရှိဆောင်ရွက်နေမှု အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်သင့်သည့်ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

(သတင်းစဉ်)

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၁၅-၉-၂၀၁၁ (ကြာသပတေးနေ့)**

AM & PM

| | |
|---|---|
| ၅:၀၀ | MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ခန္ဓသုတ်၊ မောရသုတ်+ဝဋ္ဋသုတ် |
| ၅:၂၀ | MRTV-4 သတင်း |
| ၅:၅၀ | “သုတ်တော်ကောင်းရတနာ(၇)ပါး” တရားတော် [ဘဒ္ဒန္တစန္ဒသေန (သုညတမွဆရာတော်)] |
| ၆:၄၀ | အံ့ဖွယ်ထူးခြားဖြစ်စဉ်များနှင့် ဖူးမဝတဲ့ဆံတော်ရှင်ဦးဇိနစေတီ |
| ၆:၅၀ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “နွေးထွေးသောမေတ္တာ” (အပိုင်း-၁၂၇)** |
| ၇:၃၀ | MRTV-4 သတင်း |
| ၈:၀၀ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “မာယာမျဉ်းပြိုင်” (အပိုင်း-၆၉)** |
| ၈:၅၀ | တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယဉ်ကျေးမှုအနုပညာအဖွဲ့၏ ဖျော်ဖြေပွဲ (အပိုင်း-၂) |
| ၉:၂၀ | Activities In The City |
| ၉:၃၅ | Intellectual Talk (Urbanization in Myanmar) (Part-1) |
| ၁၀:၂၀ | တော်ဝင်မိသားစုကုမ္ပဏီ၏ စတုဒိသာအလှူ |
| ၁၀:၂၅ | မြန်မာကြိုက် နံ့သာဖြူပရုတ်ဆီ |
| ၁၀:၄၀ | သီချင်းကောင်းကောင်း သီချင်းတောင်း |
| ၁၁:၀၅ | The Champion of Dance |
| ၁၁:၄၀ | MRTV-4 ကာတွန်းအစီအစဉ် |
| ၁၂:၀၅ | ဧရာဝတီနှင့် ပန်းတင့်သည့်. . . ဆောက်လုပ်ရေး၏ စွမ်းအားဂုဏ်ရည် ဧရာဝတီတံတား(ညောင်တုန်း) |
| ၁၂:၂၀ | အကြံကောင်းဉာဏ်ကောင်းနှင့် ဝင်ငွေတိုးစေမည့် အရည်အသွေးကောင်းကြံသီးနှံ |
| ၁:၀၀ | “သုတ်တော်ကောင်းရတနာ(၇)ပါး” တရားတော် [ဘဒ္ဒန္တစန္ဒသေန (သုညတမွဆရာတော်)] |
| ၂:၀၀ | MRTV-4 သတင်း |
| ၂:၂၀ | Quiz Idol |
| ၃:၀၀ | Activities In The City |
| ၃:၁၅ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “နွေးထွေးသောမေတ္တာ” (အပိုင်း-၁၂၇)** |
| ၄:၀၀ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “မာယာမျဉ်းပြိုင်” (အပိုင်း-၆၉)** |
| ၅:၀၀ | အနုပညာရပ်ဝန်းမှရင်ခုန်သံများ “အငိုမျက်လုံးအပြုံးမျက်နှာ” |
| ၅:၂၅ | Activities In The City |
| ၅:၃၅ | အားကစားမြင်ကွင်းစုံ |
| ၆:၀၀ | MRTV-4 သတင်း |
| ၆:၂၀ | Activities In The City |
| ၆:၄၀ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “နွေးထွေးသောမေတ္တာ” (အပိုင်း-၁၂၈)** |
| ၇:၂၀ | တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယဉ်ကျေးမှုအနုပညာအဖွဲ့၏ ဖျော်ဖြေပွဲ (အပိုင်း-၃) |
| ၈:၀၀ | MRTV-4 သတင်း |
| ၈:၃၀ | စကားနပန်း |
| ၉:၃၀ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “မာယာမျဉ်းပြိုင်” (အပိုင်း-၇၀)** |
| ၁၀:၂၀ | Style ရှိမှ Star ဖြစ်မယ် |
| ၁၁:၂၀ | အနုပညာမိုးကောင်းကင် |
| ၁၁:၄၀ | ပိုင်-မောင်း-ရောင်း ဘသောင်း (နေရှိုင်း၊ ကျော်ဇေယျ၊ ဆုရွှန်းလဲ့) (ဒါရိုက်တာ-မျိုးဇော်အောင်) |
| ၁၂:၁၅ | ဂီတသရုပ်ပြခန်း |
| ၁၂:၃၅ | ပြင်ဦးလွင်ရဲ့ရွှေခြင်္သေ့ |
| ၁၂:၅၀ | နှယ်ဥဆန်းထွင်သစ်သီးအလှဆင် |
| ၁:၁၅ | ဆိုးဆေးသုံးအစားအစာများ (ဒေါက်တာဝင်းသိန်း) |
| ၁:၃၅ | Celebrity Profile |
| ၂:၀၀ | စွဲမက်ဖွယ်ရာ ရွှေတောင် ဒေသထွက် အစားအစာ |
| ၂:၁၅ | ဆန်းသစ်အလှတိုး ရွှေချည်ထိုး |
| ၂:၃၅ | လူနေမှုဘဝအလှထဲက မြန်မာ့သနပ်ခါး. . . |
| ၃:၀၀ | ကဏ္ဍစုံလင်အားကစားအစီအစဉ် |
| ၄:၀၀ | ဒွိတိုင်းဌာနီဧရာဝတီ |
| ၄:၂၅ | သဘာဝကပေးသော လက်ဆောင်များ |
| ၄:၃၀ | ကံပေါက်ဒေသမှ လေ့လာစရာများ |
| ၄:၅၀ | ပုခန်းကြီးရှေးဟောင်း ကျောင်းတော်ကြီး |
| ၅:၀၀ | အစီအစဉ်ပြီး။ |

# ယာဉ်အန္တရာယ်ကင်းဝေးရေးအတွက် စည်းကမ်းမလိုက်နာသောယာဉ်များအား အရေးယူလျက်ရှိ

**ရန်ကုန် စက်တင်ဘာ ၁၄**

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာရေးနှင့် ယာဉ်အန္တရာယ်ကင်းဝေးစေရေးတို့အတွက် ဆောင်ရွက်လျက်ရှိရာ မီးပွိုင့်၌ မီးနီဖြတ်မောင်းသော ယာဉ်များနှင့် လူကူးမျဉ်းကျား၌ အရှိန်လျှော့ မမောင်းသော ယာဉ်များအား ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့က ယာဉ်နံပါတ်မှတ်ပြီး မှတ်သားဖမ်းဆီးမှုများကို ဩဂုတ် ၁၇ ရက်မှ စတင်၍ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီး မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီမှ တာဝန်ရှိသူက ရန်ကုန်မြို့၌ ယာဉ်တိုက်မှုဖြစ်လေ့ဖြစ်ထရှိသည့် မီးပွိုင့် ၃၇ ခု၌ ဆောင်ရွက်လျက်ရှိကြောင်း၊ ယာဉ်မောင်းများ စည်းကမ်းဖောက်ဖျက်နေသည်ကို ယာဉ်ပိုင်ရှင်များက မသိကြောင်း၊ ယာဉ်ပိုင်ရှင်များ စောစောသိပြီး လိုအပ်သည့်ပြုပြင်မှုများ ဆောင်ရွက်နိုင်လျှင် အန္တရာယ်နည်းမည်ဆိုသည့် ရည်ရွယ်ချက်ဖြင့် ယာဉ်ထိန်းတပ်ဖွဲ့က စည်းကမ်းဖောက်ဖျက်သည့် ယာဉ်များ၏ နံပါတ်များကို မှတ်ပြီး မှတ်သားဖမ်းဆီးထားသည့် ချလန်ဖြတ်ပိုင်းများကို မထသမှုဝန်ထမ်းများက ပံ့ပိုးကူညီ၍ မော်တော်ယာဉ်ပိုင်ရှင်များ၏ နေအိမ်အရောက် ချက်ချင်းလိုက်လံပေးပို့လျက်ရှိကြောင်းရှင်းလင်းပြောကြားသည်။

ရန်ကုန်တိုင်းဒေသကြီး မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေး ကြီးကြပ်မှုဗဟိုကော်မတီ စီမံမှုအောက်ရှိ ယာဉ်လိုင်းများ၏ ၂၀၁၁ ခုနှစ် ဇန်နဝါရီလမှ စက်တင်ဘာလ ပထမပတ်အထိ ယာဉ်တိုက်မှုပေါင်းမှာ ၂၄၃ မှုရှိပြီး သေဆုံးသူ ၇၄ ဦးနှင့် ဒဏ်ရာ ရသူပေါင်း ၇၉၁ ဦးရှိကြောင်း သိရသည်။ ယင်းယာဉ်တိုက်မှုများထဲတွင် မထသ (မြို့တွင်း)ယာဉ်လိုင်းများ၏ ယာဉ်တိုက်မှုပေါင်းမှာ ၇၀ ရှိပြီး သေဆုံးသူ ၁၆ ဦးနှင့် ဒဏ်ရာရသူ ၁၅၈ ဦးရှိကာ ယာဉ်လိုင်းများထဲ၌ ယာဉ်တိုက်မှုအများဆုံးဖြစ်ကြောင်းသိရသည်။ **(ညွန့်သန်း)**

# အမေရိကန်က မြန်မာနိုင်ငံအပေါ် ချမှတ်သည့် မူဝါဒနှင့်ဆက်ဆံရေးသည် အမှန်တရားအပေါ် အခြေခံပြီး မျှတမှုပိုမိုရှိသင့်သည်ဟု ယူဆ

နေပြည်တော် စက်တင်ဘာ ၁၄

**အမေရိကန်အစိုးရ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်နှင့် မူဝါဒရေးရာ ညှိနှိုင်းရေးမှူး Mr. Derek Mitchell နှင့်အဖွဲ့သည် စက်တင်ဘာ ၉ ရက်မှ ၁၄ ရက်အထိ မြန်မာနိုင်ငံသို့ လာရောက်ခဲ့စဉ်အတွင်း နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း၊ အလုပ်သမားဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်တို့နှင့် သီးခြားစီတွေ့ဆုံခဲ့သည်။**

နယ်စပ်ရေးရာဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေးနှင့် တွေ့ဆုံရာတွင် Mr. Derek Mitchell က ယခုအခါ အမေရိကန်ပြည်ထောင်စုသည် မြန်မာနိုင်ငံနှင့် ဆက်ဆံရေး တိုးမြှင့်ဆောင်ရွက်သွားရန် ကြိုးပမ်းဆောင်ရွက်နေပါကြောင်း၊ မိမိအနေဖြင့် မြန်မာနိုင်ငံ၏ အချို့သောပြုပြင်ပြောင်းလဲရေးကိစ္စရပ်များအပေါ် အကြံပြုလိုပါကြောင်း၊ အမျိုးသား ပြန်လည်သင့်မြတ်ရေးကိစ္စနှင့် စပ်လျဉ်း၍ နိုင်ငံရေးအင်အားစုများ၊ တိုင်းရင်းသားလူမျိုးစုများနှင့် တွေ့ဆုံဆွေးနွေးပြီး လုံခြုံမှု၊ တည်ငြိမ်အေးချမ်းမှု ရရှိအောင် နိုင်ငံရေးနည်းလမ်းများဖြင့် ဖြေရှင်းဆောင်ရွက်သွားရေးသည်အခြေခံကျသည်ဟု သုံးသပ်ပါကြောင်း၊ မြန်မာနိုင်ငံအစိုးရအနေဖြင့် နိုင်ငံရေးအင်အားစုများနှင့် တွေ့ဆုံမှုများ ပြုလုပ်လာသည်ကို တွေ့မြင်ရသဖြင့် မြန်မာနိုင်ငံတွင်အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေးကိစ္စရပ်များ ကြိုးပမ်းဆောင်ရွက်နေပြီ ဖြစ်သည်ဟု ယုံကြည်ပါကြောင်း၊ယခုအခါ နိုင်ငံတကာ အသိုင်းအဝိုင်းတွင် လူ့အခွင့်အရေးဆိုင်ရာ ကိစ္စရပ်များအပေါ် အထူးအလေးထား ဆောင်ရွက်လျက်ရှိကြရာ မြန်မာနိုင်ငံ အနေဖြင့်လည်း လိုက်လျောညီထွေစွာ ပြုပြင်သွားရန် အကြံပြုလိုပါကြောင်း၊ နိုင်ငံရေးအကျဉ်းသားများ ပြန်လွှတ်ပေးရေးကိစ္စကိုလည်း အထူးအလေးထား စဉ်းစားသွားစေလိုပါကြောင်း၊ မြန်မာနိုင်ငံတွင် ယခုကဲ့သို့ ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်နေသည်ကို နိုင်ငံတကာ အသိုင်းအဝိုင်းမှ စောင့်ကြည့်လေ့လာလျက် ရှိကြပါကြောင်းနှင့် မိမိတို့အနေဖြင့် စစ်မှန်သည့် ပြုပြင်ပြောင်းလဲမှု ဖြစ်ထွန်းလာစေရေးအတွက် ကူညီဆောင်ရွက်ပေးသွားလိုပါကြောင်း ဆွေးနွေးသည်။

ပြည်ထောင်စုဝန်ကြီးက လူ့အခွင့်အရေးဆိုင်ရာ ပြဿနာများကို ဖြေရှင်းရာတွင် အရင်းအမြစ် အကြောင်းတရားများကို ဖော်ထုတ်ဆန်းစစ်ပြီး အဖြေရှာမှသာ အဖြေမှန်ကို ရရှိမည်ဟု ဆွေးနွေးလိုပါကြောင်း၊ **အချို့သော လူ့အခွင့်အရေးဆိုင်ရာကိစ္စရပ်များကို လေ့လာသုံးသပ်ပါက Human Right Abuses မဟုတ်ဘဲ Human Right Disorder ဖြစ်ရပ်များဟု သုံးသပ်နိုင်ပါကြောင်း၊ အထူးသဖြင့် နယ်စပ်ဒေသများသည် ဝေးလံခေါင်းပါးသည့်အပြင် လမ်းပန်းဆက်သွယ်ရေး မကောင်းမွန်သေးသည့်အတွက် ဖွံ့ဖြိုးမှုနောက်ကျပြီး ပညာရေး၊ လူမှုရေး နိမ့်ကျခြင်း၊ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး အားနည်းခြင်းတို့ကြောင့် Human Right Disorder ဖြစ်စဉ်များ ဖြစ်ရသည်ဟု သုံးသပ်နိုင်ပါကြောင်း၊ သို့ပါ၍ ဖွံ့ဖြိုးမှုနည်းပါးသည့်ဒေသများကို အထူးဖွံ့ဖြိုးရေးဒေသများအဖြစ်သတ်မှတ်ပြီး လမ်းပန်းဆက်သွယ်ရေးကောင်းမွန်အောင် ဆောင်ရွက်ကာ စီးပွားရေး၊ လူမှုရေး အခြေခံအဆောက်အအုံများကိုပါ တည်ဆောက်လျက် ဒေသဖွံ့ဖြိုးရေးကို အလေးပေးဆောင်ရွက်လျက်ရှိပါကြောင်း၊ ဖွံ့ဖြိုးမှုရရှိမှသာ စီးပွားရေး၊ လူမှုရေးနှင့် ပညာရေး အခြေအနေများ တိုးတက်လာမည်ဖြစ်ပြီး ယင်းမှတစ်ဆင့် တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး ပိုမိုရှိလာပြီး Human Right Disorder ဖြစ်စဉ်များ တစ်စတစ်စ ပပျောက်သွားနိုင်မည်ဟု သုံးသပ်ပါကြောင်း၊ တည်ငြိမ်အေးချမ်းလာသော နယ်စပ်ဒေသများတွင် ဒေသဖွံ့ဖြိုးရေးနှင့် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် နိုင်ငံတော်ဘဏ္ဍာငွေမှ ကျခံသုံးစွဲ၍ လမ်းပန်းဆက်သွယ်ရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ပညာရေး၊ ကျန်းမာရေးလုပ်ငန်းများအားဆောင်ရွက်ပေးသကဲ့သို့ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအစိုးရအဖွဲ့အစည်းများ၊ နိုင်ငံတကာအစိုးရ မဟုတ်သော အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ နေအိမ်များ၊ စာသင်ကျောင်းများဆောက်လုပ်ပေးခြင်း၊ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးခြင်း၊ စားနပ်ရိက္ခာထောက်ပံ့ပေးခြင်း လုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊** ယခုအခါ ကရင်ပြည်နယ်၊ မြိုင်ကြီးငူဒေသတွင် ဖွံ့ဖြိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးအတွက် နိုင်ငံတော်ရန်ပုံငွေဖြင့် လမ်းဖောက်လုပ်ခြင်း၊ ထိုင်းနိုင်ငံ နယ်စပ်ရှိ ဒုက္ခသည်စခန်းများမှ ပြန်လည်ဝင်ရောက်လာကြသော ရွာသူရွာသားများအတွက် နေအိမ်များ ဆောက်လုပ်ပေးခြင်း၊ စားသောက်ရန် ဆန်နှင့် ဆီထောက်ပံ့ပေးခြင်း၊ စိုက်ပျိုးမြေများ ဖော်ထုတ်ပေးခြင်း၊ အလုပ်အကိုင်အခွင့်အလမ်း ပိုမိုပေါ်ထွန်းလာစေရေးအတွက် အသေးစားစက်မှုလုပ်ငန်းများကိုလည်း ထူထောင်ပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ **ဖွဲ့စည်းပုံ အခြေခံဥပဒေကို လက်မခံနိုင်ကြသေးသည့် အဆိုပါတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကိုလည်း နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံး၏ အကျိုးစီးပွားကို ရှေးရှုပြီး ငြိမ်းချမ်းရေး တံခါးဖွင့်လှစ်ကာ နိုင်ငံတော်အစိုးရအနေဖြင့် မှန်ကန်သောစေတနာကို ထုတ်ဖော်ပြသလျက်ရှိပါကြောင်း၊** ကချင်တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့နှင့် နှစ်ဦးနှစ်ဖက် သဘောတူညီချက် ရရှိလုနီးပါး အခြေအနေတွင် (Political Inspiration) အနေဖြင့် တစ်ဆင့်တိုးမြှင့်ပြီး UNFC မှ ဦးဆောင်လျက် တိုင်းရင်းသားလက်နက်ကိုင် တပ်ဖွဲ့အားလုံးကို ကိုယ်စားပြု၍ တစ်ပြိုင်နက်တည်း ငြိမ်းချမ်းရေးဆွေးနွေးရန် တောင်းဆိုလာသည့်အတွက် ယခုအခြေအနေသို့ ရောက်ရှိခဲ့ရခြင်းဖြစ်ပါကြောင်း၊ သို့သော် ‘ဝ’အထူးဒေသ(၂)အဖွဲ့၊ မိုင်းလားအထူးဒေသ(၄)အဖွဲ့တို့နှင့် ပဏာမငြိမ်းချမ်းရေးသဘောတူညီချက်များ လက်မှတ်ရေးထိုးပြီးဖြစ်ပါကြောင်း၊ အလားတူ ဖွဲ့စည်းပုံ အခြေခံဥပဒေကို လက်မခံနိုင်ကြသေးသော ပြည်တွင်း နိုင်ငံရေးအင်အားစုများနှင့်လည်း သဘောထားအမြင် ကွဲလွဲမှုများကြောင့် ဖြစ်ပေါ်နေသော ပဋိပက္ခများ လျော့ပါးအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုအခါ နိုင်ငံတော်အစိုးရအနေဖြင့် ကောင်းမွန်သော အုပ်ချုပ်မှုစနစ်၊ သန့်ရှင်းသောအစိုးရ (Good Governance, Clean Government) ဖြစ်ရေး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံရေးအကျဉ်းသားများကိစ္စနှင့်စပ်လျဉ်း၍ နှစ်ဦးနှစ်ဖက် အမြင်သဘောထားခြားနားလျက်ရှိနေခြင်းအပေါ် မည်သို့ဆောင်ရွက်သင့်သည်ကို နည်းလမ်းရှာကြံ စဉ်းစားလျက်ရှိပါကြောင်း ရှင်းလင်းဆွေးနွေးသည်။

Mr. Derek Mitchell က နှစ်ဦးနှစ်ဖက် သဘောထားအမြင်ချင်း ဖလှယ်ခွင့်ရရှိသည့်အတွက် ကျေးဇူးတင်ပါကြောင်း၊ ပထမဆုံးတွေ့ဆုံဆွေးနွေးမှုဖြစ်သည့်အားလျော်စွာ အချို့အချက်အလက်များအပေါ် ထပ်မံဆွေးနွေးအဖြေရှာရမည်ဟု ယူဆပါကြောင်း၊ စဉ်ဆက်မပြတ် ထိတွေ့ဆက်ဆံခြင်းဖြင့် တိုးတက်မှုများ ရရှိလာမည်ဟု မျှော်လင့်ပါကြောင်း၊ ခြုံငုံပါက အပြုသဘောဆောင်သည်ဟု သုံးသပ်ပါကြောင်း၊ အမေရိကန်အနေဖြင့် မြန်မာအစိုးရ၏ စစ်မှန်သောလုပ်ဆောင်ချက်များနှင့် အပြုသဘောဆောင်သော တိုးတက်မှုများကို ကြိုဆိုနေမည်ဖြစ်ပါကြောင်း၊ အစိုးရ၏ ထင်သာမြင်သာရှိမှု (Predictable) နှင့် ပွင့်လင်းမြင်သာမှု (Transparency) ရှိသော အပြုသဘောဆောင်ရွက်ချက်များကို ဆက်လက်မျှော်လင့်လျက်ရှိပါကြောင်း ပြန်လည်ဆွေးနွေးခဲ့သည်။

နိုင်ငံခြားရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် တွေ့ဆုံရာတွင် Mr. Derek Mitchell က မိမိမှာ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်နှင့် မူဝါဒရေးရာ ညှိနှိုင်းရေးမှူးအဖြစ် ပထမဦးဆုံးလာရောက်သည့် ခရီးစဉ်ဖြစ်ပါကြောင်း၊ အမေရိကန်-မြန်မာ ဆက်ဆံရေးတွင် အချိန်ပြည့် တာဝန်ယူဆောင်ရွက်ရန်၊ မြန်မာဘက်နှင့် ရင်းနှီးပွင့်လင်းသောဆွေးနွေးမှုများ ပြုလုပ်နိုင်ရန်နှင့် နှစ်နိုင်ငံဆက်ဆံရေး တိုးမြှင့်နိုင်ရေးအတွက် နည်းလမ်းများ ရှာဖွေရန် မိမိအား သီးခြားတာဝန်ပေးအပ်ထားပါကြောင်း၊ အမေရိကန်အစိုးရသည် မြန်မာနိုင်ငံနှင့် ဆက်ဆံရေး တိုးမြှင့်ဆောင်ရွက်နိုင်ရန်အတွက် လွန်ခဲ့သောလများအတွင်းက မြန်မာနိုင်ငံ၏ ဖြစ်ပေါ်ပြောင်းလဲတိုးတက်မှုများကို များစွာ အလေးထားစောင့်ကြည့်လျက်ရှိပါကြောင်း ဆွေးနွေးပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက မိမိတို့ နှစ်ဘက်စလုံးအနေဖြင့် နှစ်နိုင်ငံဆက်ဆံရေး တိုးတက်လာစေရန် ထိတွေ့ဆက်ဆံမှုကို ရှေ့ဆက် ဖော်ဆောင်သွားကြမည်ဟု တူညီသောဆန္ဒ ရှိကြပါကြောင်း၊ အဆွေတော်အနေဖြင့် နှစ်နိုင်ငံဆက်ဆံရေးနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်ရေးအတွက် အကျိုးပြုဆောင်ရွက်နိုင်မည်ဟု မျှော်လင့်ပါကြောင်း၊ မြန်မာနိုင်ငံ၌ အစိုးရအဖွဲ့သစ် ပေါ်ပေါက်လာပြီးနောက် နှစ်နိုင်ငံအကြား အပြုသဘောဆောင်သော ဖြစ်ပေါ်တိုးတက်မှုများရှိခဲ့ပါကြောင်း၊ အဆွေတော်အနေဖြင့် အစိုးရပိုင်းတာဝန်ရှိသူများ၊ အခြားနယ်ပယ်အသီးသီးမှ သက်ဆိုင်သူများနှင့် တွေ့ဆုံခွင့်ရခြင်းဖြင့် မြန်မာနိုင်ငံ၏ ဖြစ်ရပ်မှန်အခြေအနေများနှင့် လက်တွေ့ဖြစ်ပေါ်တိုးတက်မှုများကို အပြုသဘောဆောင်စွာ ရှုမြင်သုံးသပ်နိုင်လိမ့်မည်ဟု ယုံကြည်ပါကြောင်း၊ ၂၀၁၂ ခုနှစ်တွင် မြန်မာနိုင်ငံသည် အာဆီယံအမေရိကန်ဆွေးနွေးပွဲ ညှိနှိုင်းရေးမှူးအဖြစ် တာဝန်ယူရမည်ဖြစ်ရာ အမေရိကန်ဘက်မှ ထောက်ခံမှုနှင့် ပူးပေါင်းဆောင်ရွက်မှု အပြည့်အဝရနိုင်လိမ့်မည်ဟု မျှော်လင့်ပါကြောင်း၊ မတ်လ (၃၀)ရက်နေ့က ပြည်ထောင်စုလွှတ်တော်တွင် ပြောကြားခဲ့သည့် နိုင်ငံတော်သမ္မတကြီး၏ နိုင်ငံတော်အခြေပြမိန့်ခွန်း၌ **မြန်မာနိုင်ငံသည် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကြီး (၅)ချက်ကို အခြေခံကာ လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ဆက်လက်ကျင့်သုံးသွားမည်ဖြစ်ကြောင်း၊ နိုင်ငံအားလုံးနှင့် ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံသွားမည်ဖြစ်ပြီး ကုလသမဂ္ဂအပါအဝင် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် ဒေသဆိုင်ရာ အဖွဲ့အစည်းများ၌လည်း တက်ကြွစွာ ပါဝင်သွားမည်ဖြစ်ကြောင်း** ပြောကြားခဲ့ပါကြောင်း၊ ဤနိုင်ငံခြားရေးမူဝါဒသည် မိမိတို့နိုင်ငံ၏ အခြေအနေနှင့် အသင့်လျော်ဆုံးမူဝါဒဖြစ်ပြီး ၁၀ စုနှစ်ပေါင်းများစွာ ကျင့်သုံးခဲ့ပြီးလည်းဖြစ်ပါကြောင်း ပြန်လည်ဆွေးနွေးသည်။

ဂင်းနောက် Mr. Derek Mitchell က သမ္မတကြီး၏ အခြေပြမိန့်ခွန်းမှာ များစွာစိတ်ဝင်စားဖွယ်ကောင်းပါကြောင်း၊ ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်များ၊ ပြည်တွင်းနိုင်ငံရေးရည်မှန်းချက်များနှင့် စပ်လျဉ်း၍ မည်သို့ လက်တွေ့ဖော်ဆောင်သွားမည်ကို စိတ်ဝင်တစား စောင့်ကြည့်လျက်ရှိပါကြောင်း၊ တိုးတက်ဖြစ်ပေါ်မှုအပေါ် မူတည်၍ လက်တွေ့တုံ့ပြန်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ယခုနှစ်တွင် ကုလသမဂ္ဂ အထွေထွေညီလာခံသို့ တက်ရောက်မည့် မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များအား ၂၅ မိုင်အတွင်းသွားလာခွင့် ကန့်သတ်ချက်ကို ပယ်ဖျက်လိုက်ပြီးဖြစ်ပါကြောင်း၊ မိမိတို့ဘက်မှ တစ်ဆင့်ချင်း ဆောင်ရွက်သွားရန် ရည်ရွယ်ပါကြောင်း ဆွေးနွေးရာ ပြည်ထောင်စုဝန်ကြီးက မိမိတို့အနေဖြင့် အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေးအတွက် ထူးခြားသည့်ဖြစ်ပေါ်တိုးတက်မှုများ ဆောင်ကြဉ်းနိုင်ခဲ့ပြီးဖြစ်ပါကြောင်း၊ **လွန်ခဲ့သောနှစ်ပေါင်း (၂၀)အတွင်း နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် အေးချမ်းတည်ငြိမ်ရေးအတွက် အခြေခံကောင်းများကို တည်ဆောက်ခဲ့ပါကြောင်း၊ ယခု မိမိတို့ ဒီမိုကရေစီနိုင်ငံ၏ သက်တမ်း (၅)လအတွင်း တိုးတက်မှုများစွာ ဖော်ဆောင်လျက် ပိုမိုကျယ်ပြန့်ပွင့်လင်းသော ဒီမိုကရေစီလူ့အဖွဲ့အစည်းတစ်ရပ် ပီပီပြင်ပြင်ပေါ်ထွန်းလာရေးအတွက် ရည်မှန်းကြိုးပမ်းလျက်ရှိပါကြောင်း၊ ဤဖြစ်ပေါ်တိုးတက်မှုများကို အသိအမှတ်ပြုပြီး မိမိတို့၏ ကြိုးပမ်းအားထုတ်မှုများအပေါ် ထောက်ခံမှုပြုရန် ပြောကြားလိုပါကြောင်း** ပြန်လည်ဆွေးနွေးပြောကြားသည်။

Mr. Derek Mitchell က မြန်မာနိုင်ငံတွင် မကြာမီက အမျိုးသားလူ့အခွင့်အရေးကော်မရှင်တစ်ရပ်ဖွဲ့စည်းလိုက်သည်ကို သိရှိပါကြောင်း၊ ကော်မရှင်အနေဖြင့် လူ့အခွင့်အရေးနှင့်ပတ်သက်သည့်လုပ်ငန်းများတွင် ဘက်မလိုက်ရေး၊ ပွင့်လင်းမြင်သာမှုရှိရေး၊ တာဝန်ခံနိုင်မှုရှိရေးအတွက် လုပ်ပိုင်ခွင့်များ ပေးအပ်မည်ဆိုပါက အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးလုပ်ငန်းစဉ်ကို အထောက်အကူပြုနိုင်မည်ဖြစ်ပါကြောင်း ဆွေးနွေးရာ ပြည်ထောင်စုဝန်ကြီးက **မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်သည် လွတ်လပ်သောအဖွဲ့အစည်း တစ်ခုဖြစ်ပါကြောင်း၊ လူ့အခွင့်အရေးနှင့် စပ်လျဉ်း၍ တိုင်တန်းမှုများ ရှိလာပါက စုံစမ်းစစ်ဆေးမှုများပြုလုပ်ပြီး နိုင်ငံတော်သမ္မတထံ တိုက်ရိုက်အစီရင်ခံတင်ပြသွားမည်ဖြစ်ပါကြောင်း၊ လူ့အခွင့်အရေးနှင့် စပ်လျဉ်း၍မိမိတို့အနေဖြင့်လူ့အခွင့်အရေးကောင်စီနှင့် အစဉ်တစိုက် ပူးပေါင်းဆောင်ရွက်ခဲ့ပါကြောင်း၊ မြန်မာနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြည်သူများ၏ အခြေခံအခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ရန် အတိအလင်းပြဋ္ဌာန်းထားပြီးဖြစ်ပါကြောင်း၊ လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအတွက် ပွင့်လင်းမြင်သာစွာ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ မိမိတို့အနေဖြင့် ဒီမိုကရေစီလူ့အဖွဲ့အစည်းတစ်ရပ်ဖြစ်ထွန်းပေါ်ပေါက်ရေးအတွက် ရည်မှန်းကြိုးပမ်းလျက်ရှိပါကြောင်း**ဖြင့် ရှင်းလင်းဆွေးနွေးခဲ့သည်။

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းနှင့် တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီးက မိမိတို့အနေဖြင့် မြန်မာ-အမေရိကန်ဆက်ဆံရေး တိုးတက်ကောင်းမွန်လိုသည့် ဆန္ဒရှိပါကြောင်း၊ အဆွေတော်သည် နှစ်နိုင်ငံဆက်ဆံရေးအတွက် အရေးပါသည့် ပုဂ္ဂိုလ်ဖြစ်သည့်အတွက် ယနေ့ဆွေးနွေးမှုမှသည် နှစ်နိုင်ငံနားလည်မှုနှင့် ဆက်ဆံရေးမြှင့်တင်နိုင်ရန်အတွက် နည်းလမ်းကောင်းများရရှိနိုင်မည်ဟု မျှော်လင့်ပါကြောင်း၊ **မြန်မာ့နိုင်ငံရေးသည် အသွင်သဏ္ဌာန်ရော အနှစ်သာရပါ ပြောင်းလဲနေပြီဖြစ်ပါကြောင်း၊ ထိုသို့သော အခြေအနေမျိုးတွင် နှစ်နိုင်ငံနားလည်မှု မြှင့်တင်ရန်အတွက် ယခုကဲ့သို့သော နှစ်ဘက်တွေ့ဆုံဆွေးနွေးမှုများကို** မကြာခဏ ဆောင်ရွက်သင့်ပါကြောင်း၊ **နှစ်နိုင်ငံအကြား သဘောထားမတူသည်များ ရှိနိုင်သော်လည်း တူညီသည်များလည်း ရှိနိုင်ကြောင်း၊ သို့အတွက် သဘောထားတူညီသည့်နယ်ပယ်များတွင် အပြောမဟုတ်ဘဲ နှစ်ဘက်လက်တွေ့ပူးပေါင်းဆောင်ရွက်သင့်ပါကြောင်း၊ သို့မှသာ နှစ်နိုင်ငံဆက်ဆံရေး ပိုမိုမြှင့်တင်နိုင်မည်ဟု ယူဆပါကြောင်း၊ ထို့ပြင် အမေရိကန်က မြန်မာနိုင်ငံအပေါ် ချမှတ်သည့် မူဝါဒနှင့် ဆက်ဆံရေးသည် အမှန်တရားအပေါ် အခြေခံပြီး မျှတမှုပိုမို ရှိသင့်သည်ဟု ယူဆပါကြောင်း၊ ဆန့်ကျင်ဘက်အုပ်စုများထံမှ ရရှိသည့်သတင်းအချက်အလက်များကိုသာ အခြေမခံဘဲ မြန်မာနိုင်ငံအတွင်း အမှန်တကယ်ဖြစ်ပေါ်နေသည့် အရှိတရား၊ အမှန်တရားများကို အခြေခံသင့်ပါကြောင်း၊ ပွင့်ပွင့်လင်းလင်းဆွေးနွေးရလျှင် မြန်မာနိုင်ငံအပေါ် တိုက်ရိုက်ထိတွေ့ ဆက်ဆံမှုနှင့် ဖိအားပေးမှုတစ်ပြိုင်တည်း ယှဉ်တွဲကျင့်သုံးသည့် မူဝါဒသည် နှစ်နိုင်ငံဆက်ဆံရေးအတွက် အကျိုးမရှိနိုင်ဟု ယူဆပါကြောင်း၊ အဘယ့်ကြောင့်ဆိုသော် ဖိအားပေးပါက ဖိအားကို တုံ့ပြန်မှုရှိလာမည်သာဖြစ်ကြောင်း၊ ထို့ပြင် ဖိအားများပြားလာပါက ၎င်းဖိအားကိုခံနိုင်ရန် အခြားအကူအညီရှာတတ်သည်မှာလည်း သဘာဝပင်ဖြစ်ကြောင်း၊ အလားတူ အမေရိကန်က မြန်မာနိုင်ငံအပေါ် တစ်ဖက်သတ် စီးပွားရေးပိတ်ဆို့ထားခြင်းမှာလည်း နှစ်နိုင်ငံဆက်ဆံရေး တိုးမြှင့်ရန်အတွက် အဓိကအတားအဆီးဖြစ်သည်ဟုရှုမြင်ပါကြောင်း၊ စီးပွားရေးပိတ်ဆို့မှုဖြင့် ကောင်းမွန်သည့် ရလဒ် ရနိုင်မည်မဟုတ်ဘဲ လက်တွေ့ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့်သာ ကောင်းမွန်သည့်ရလဒ်ကို ဆောင်ကြဉ်းနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ မိမိတို့အနေဖြင့် အမေရိကန်ဘက်မှ ပိတ်ဆို့မှုရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ဒီမိုကရေစီရေး၊ လူ့အခွင့်အရေး၊ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များကို အောင်မြင်အောင် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်နေမည်သာဖြစ်ပါကြောင်း၊ အဆိုပါလုပ်ငန်းစဉ်များ အောင်မြင်ရေးကို အမေရိကန်ဘက်မှလည်း ဆန္ဒရှိမည်သာဖြစ်သည့်အတွက် မိမိတို့နှစ်နိုင်ငံအကြား ရည်မှန်းချက်ချင်းတူညီသည်ဟု ဆိုနိုင်ပါကြောင်း၊ ထို့ကြောင့် အဆွေတော်တို့ဘက်က ပူးပေါင်းဆောင်ရွက်ပေးမည်ဆိုပါက အဆိုပါရည်မှန်းချက်များကို လျင်မြန်စွာ**

စာမျက်နှာ ၁၁ ကော်လံ ၁ သို့



နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား အမေရိကန်အစိုးရ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်နှင့် မူဝါဒရေးရာညှိနှိုင်းရေးမှူး Mr. Derek Mitchell နှင့်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)



အလုပ်သမားဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်အား အမေရိကန်အစိုးရ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်နှင့် မူဝါဒရေးရာညှိနှိုင်းရေးမှူး Mr. Derek Mitchell နှင့်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

# နိုင်ငံတော်အစိုးရဌာနဆိုင်ရာများအနေနှင့် မိမိတို့ဌာနအလိုက် အကျင့်ပျက်ဝန်ထမ်းကို ဖော်ထုတ်ပြီး ထိရောက်စွာအရေးယူ ကောင်းမွန်သောအုပ်ချုပ်ရေးစနစ်၊ သန့်ရှင်းသောအစိုးရဖြစ်ပေါ်ရေး အခြေခံလိုအပ်ချက်ဖြစ်သည့် ပြည်သူတစ်ဦးချင်းသည်လည်း ကောင်းဆိုးမှားမှန်ခွဲခြားသိပြီး အမှန်ကိုပြုပြင်ခြင်းဟူသော ကိုယ်ကျင့်တရား၊ အမျိုးသားရေးစရိုက်လက္ခဏာကောင်းရန်လို

နေပြည်တော် စက်တင်ဘာ ၁၄

**ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်ခန်းမ၌ ဆက်လက် ကျင်းပသည်။**

အစည်းအဝေးသို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်နှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် (၂၁၀)တို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်(၂)ဦးတို့က သိပ္ပံနှင့် နည်းပညာဆိုင်ရာ မေးခွန်းများကိုမေးမြန်းကြရာ သိပ္ပံနှင့်နည်းပညာဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်က တစ်ပေါင်းတည်း ပြန်လည် ဖြေကြားသည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးမြင့်ထွန်း၏ **"ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင်၊ လက်ပံတန်းမြို့နယ် ကွန်းခြံအုပ်စု ကျေးနီရွာအနီး ဖွင့်လှစ်ထားသော ဇီဝနည်းပညာကျောင်းတွင် ကျောင်းသားများ မရှိတော့သဖြင့် ကျောင်းဆောင်အား မည်သို့ဆက်လက် ဆောင်ရွက်မည်ကို သိရှိလိုပါကြောင်း"** မေးခွန်းနှင့်စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် လက်ပံတန်းမြို့နယ်အတွင်းရှိ ဇီဝနည်းပညာ သင်တန်းကျောင်း (လက်ပံတန်း)တွင် ယခင်က ဇီဝနည်းပညာသင်တန်းများ ဖွင့်လှစ်ပို့ချခြင်းနှင့် ဇီဝနည်းပညာရပ်ဆိုင်ရာ သုတေသနလုပ်ငန်းများ ဆောင်ရွက်ခဲ့ပြီး ယခုအခါတွင် သုတေသနလုပ်ငန်းများ ပိုမိုထိရောက် ကျယ်ပြန့်စွာ လုပ်ဆောင်နိုင်ရန် မြေနေရာပိုမိုကျယ်ဝန်းသော ကျောက် ဆည်မြို့နယ်အတွင်းသို့ ပြောင်းရွှေ့ဆောင်ရွက်လျက်ရှိခြင်းကြောင့် ကျောင်းဆောင်များ ယာယီ အားလပ်နေခြင်းဖြစ်ပါကြောင်း။



ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့သို့ တက်ရောက်လာကြသူများအား တွေ့ရစဉ်။ (သတင်းစဉ်)

လက်ရှိအချိန်တွင် ဇီဝနည်းပညာသင်တန်းကျောင်း(လက်ပံတန်း)၌ ကျောင်းအုပ်ကြီး အပါအဝင် စီမံ/ဘဏ္ဍာရေးဝန်ထမ်း(၁၁)ဦးဖြင့် ကျောင်း ဝင်းအတွင်းရှိ အဆောက်အအုံများကို ပြုပြင်ထိန်းသိမ်းခြင်းများ ဆောင်ရွက်လျက်ရှိပြီး လိုအပ်သည့်အချိန်တွင် အစိုးရနည်းပညာအထက် တန်းကျောင်း(GTHS)သို့မဟုတ် အစိုးရစက်မှုလက်မှုသိပ္ပံ(GTI)အဖြစ် ပြောင်းလဲဖွင့်လှစ်ရန် လျာထားပါကြောင်းဖြင့် ဖြေကြားသည်။

ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးရဲမြင့်၏ **"စစ်တောင်းမြစ် အရှေ့ဘက်ကမ်းဒေသသို့လည်းကောင်း၊ ပဲခူးရိုးမအရှေ့ခြမ်းသို့လည်း ကောင်း၊ ပဲခူးခရိုင်မြို့နယ်(၆)ခုသို့လည်းကောင်း၊ လက်လှမ်းမီရာ အလယ်ဗဟိုကျသည့် ညောင်လေးပင်မြို့တွင် အဆိုပါဆက်စပ်ဒေသမှ လူငယ်အများစုကို ထိန်းသိမ်းမြှင့်တင်ပေးနိုင်သည့် အသက်မွေးဝမ်းကျောင်း ပညာသင် စက်မှုလက်မှုအထက်တန်းကျောင်း သို့မဟုတ် အလားတူ ကျောင်းမျိုးဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် ရှိပါက မည်သည့် အချိန်တွင် ဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုပါကြောင်း"** မေးခွန်းနှင့်စပ်လျဉ်း၍ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအနေဖြင့် တိုင်းဒေသကြီးနှင့်ပြည်နယ် များ၌ အင်ဂျင်နီယာ(Engineer)၊ အတတ်ပညာရှင်(Technician)နှင့် ကျွမ်းကျင်လုပ်သား(Skilled Workers)စသည့် လူ့စွမ်းအားအရင်းအမြစ် များ ပြုစုပျိုးထောင်လျက်ရှိရာတွင် ပဲခူးတိုင်းဒေသကြီးအရှေ့ဘက်ခြမ်းတွင် နည်းပညာတက္ကသိုလ်(တောင်ငူ)နှင့် အစိုးရနည်းပညာ အထက်တန်း ကျောင်း(တောင်ငူ)တို့ကိုလည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးအနောက်ဘက် ခြမ်းအတွက် နည်းပညာတက္ကသိုလ်(ပြည်)နှင့် အစိုးရနည်းပညာအထက် တန်းကျောင်း(ပြည်)တို့ကိုလည်းကောင်း တည်ထောင်ဖွင့်လှစ်၍ ဒေသ အတွင်းရှိ ကျောင်းသားလူငယ်များ အသက်မွေးဝမ်းကျောင်းပညာရပ် များကို သင်ယူဆည်းပူးနိုင်စေရေး ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

လူ့စွမ်းအားအရင်းအမြစ် ပြုစုပျိုးထောင်မှုအနေဖြင့် နည်းပညာ တက္ကသိုလ်(တောင်ငူ)မှ B.E ဘွဲ့ရ (၁၄၆၄)ဦး၊ B.Tech ဘွဲ့ရ (၂၂၅၇)ဦး၊ A.G.T.I ဒီပလိုမာလက်မှတ်ရ (၇၄၈၀)ဦး၊ စုစုပေါင်း (၁၁၂၀၁)ဦးကို မွေးထုတ်ပေးနိုင်ခဲ့ပြီး ယခုလက်ရှိ ၂၀၁၀-၂၀၁၁ ပညာသင်နှစ်တွင် A.G.T.I ပထမနှစ်သင်တန်းသား(၁၂၀၇)ဦး၊ A.G.T.I ဒုတိယနှစ်သင်တန်း သား (၈၀၂)ဦး၊ B.Tech ပထမနှစ် သင်တန်းသား(၄၄၁)ဦး၊ B.Tech ဒုတိယနှစ်သင်တန်းသား(၃၉၀)ဦးနှင့် B.E သင်တန်းသား (၄၀၃)ဦး၊ စုစုပေါင်း(၃၂၅၃)ဦး တက်ရောက်ပညာသင်ကြားလျက်ရှိပါကြောင်း။

အလားတူ အစိုးရနည်းပညာအထက်တန်းကျောင်း(တောင်ငူ)မှ ကျွမ်းကျင်ပညာသည် (၂၅၃) ဦးကို မွေးထုတ်ပေးနိုင်ခဲ့ပြီး ယခုလက်ရှိ ၂၀၁၀-၂၀၁၁ ပညာသင်နှစ်တွင် ပထမနှစ်သင်တန်းသား(၁၀၈) ဦးနှင့် ဒုတိယနှစ်သင်တန်းသား(၁၂၆)ဦး၊ စုစုပေါင်း(၂၃၄)ဦး တက်ရောက် ပညာသင်ကြားလျက်ရှိပါကြောင်း။

အစိုးရနည်းပညာ အထက်တန်းကျောင်းများတွင် အခြေခံပညာ အလယ်တန်း အောင်မြင်ပြီးသူများ တက်ရောက်နိုင်ပြီး အစိုးရနည်းပညာ အထက်တန်းကျောင်းမှ ဒုတိယနှစ် **စာမျက်နှာ ၈ ကော်လံ ၁ သို့** ❖

ယ နေ့ သ တ င် း အ ညွှ န် း

## ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် ဘီလပ်မြေစက်ရုံကြီးလေးရုံ တည်ဆောက်နေ

"ဘီလပ်မြေစက်ရုံများ တိုးပွားခြင်းဖြင့် လူနေမှု အဆင့်မြင့်မားပြီး အလုပ်အကိုင် အခွင့်အလမ်းများ တိုးတက်လာမည်"

ပြည်တွင်းသတင်း စာမျက်နှာ-၆

## သီဟဇော်၏ ဂိုးဖြင့် လာအိုကို မြန်မာအသင်း အနိုင်ရ

"မြန်မာအသင်းမှာ သုံးပွဲကစား ခုနစ်မှတ်ဖြင့် ဆီမီး တက်ရန် အလားအလာကောင်းလျက်ရှိ"

အာဆီယံလူငယ် ဘောလုံးပွဲ စာမျက်နှာ - ၁၁

## ချန်ပီယံလိဂ်အုပ်စုပွဲများစတင် ချယ်လ်ဆီးနိုင်ပြီး ဘာစီလိုနာသရေကျ

"အုပ်စု (E) မှ ချယ်လ်ဆီးနှင့် လေဗာကူဆင်တို့ ပွဲတွင် အိမ်ရှင်ချယ်လ်ဆီးက နှစ်ဂိုးပြတ်ဖြင့် အနိုင်ရခဲ့ သည်"

နိုင်ငံတကာ အားကစား စာမျက်နှာ - ၁၁




## စစ်တောင်းမြစ်ရေအခြေအနေ

နေပြည်တော် စက်တင်ဘာ ၁၄

စစ်တောင်းမြစ်ရေသည် ယနေ့ မွန်းလွဲ ၁၂နာရီခွဲအချိန် တိုင်းထွာချက်အရ မဒေါက်မြို့တွင် ၁၁၁၇ စင်တီမီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် ၄၇ စင်တီမီတာ (၁ပေခွဲခန့်) ကျော်လွန်နေသည်။ အဆိုပါ မြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၇၂နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၁၀၇၀စင်တီမီတာအထက်တွင် ဆက်လက်တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)

## ဘင်္ဂလားပင်လယ်အော်ရှိ လေဖိအားနည်းရပ်ဝန်း အားပျော့ပျက်ပြယ်

နေပြည်တော် စက်တင်ဘာ ၁၄

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်များအရ ယမန်နေ့က ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်း၌ ဖြစ်ပေါ်ခဲ့သော လေဖိအားနည်း ရပ်ဝန်းသည် အားပျော့ပျက်ပြယ်သွားပြီဖြစ်ကြောင်း မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)